# မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ

ဂျွန် ဗျူခန်နန်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်အမှတ် (၁၃)

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ

ဂျွန် ဗျူခန်နန်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ်(၁၃)

ဇူလိုင်လ၊ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ ဂျွန် ဗျူခန်နန် တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်း ဖြစ်ပါသည်။ မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://www.asiafoundation.org/publication/militias-myanmar-burmese/.

ရည်ညွှန်းကိုးကား- ဂျွန် ဗျူခန်နန် (ဇူလိုင်လ ၂၀၁၆) တို့၏ *မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ၊* အာရှဖောင်ဒေးရှင်း

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ နိဒါန်း

ဤအကျဉ်းချုပ်သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ့စစ်များအကြောင်းနှင့် ပတ်သက်ပြီး သမိုင်းကြောင်းဇာတ်လမ်းကို ဖွင့်ဆိုထား၍ နိုင်ငံအတွင်း လက်ရှိပဋိပက္ခကို ဖြေရှင်းရာ၌ ၎င်းတို့ကပေးနေသော စိန်ခေါ်မှုများကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ ပြည်သူ့စစ်အများစုမှာ မြန်မာနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်နှင့် မဟာမိတ်ဖြစ်ပြီး အချို့မှာမူ တပ်မတော်နှင့် ဆယ်စုနှစ်များစွာကြာအောင် ပဋိပက္ခဖြစ်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ကူညီပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရက်တစ်တစ်ပိုင်း အစိုးရတစ်ရပ် အာဏာရလာခဲ့ပြီး ယင်းပဋိပက္ခများကို ဖြေရှင်းပေးမည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စတင်လုပ်ဆောင်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှ နှစ်ဦးသဘောတူနှင့် အများပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက်များကို ရရှိခဲ့ပြီး မကြာသေးမီက အဓိကပါဝင်ဆောင်ရွက်သူများစွာ ပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့ ရောက်လာခဲ့ပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိပဋိပက္ခများတွင် ပြည်သူ့စစ်များ၏ အခန်းကဏ္ဍ ပါဝင်နေသော်လည်း ၎င်းတို့နှင့်စပ်လျဉ်းသည့် အကြောင်းချင်းရာမှာမူ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာတွင် ချန်လှပ်ထားဆဲပင် ရှိနေပါသေးသည်။

ပြည်သူ့စစ်များသည်မြန်မာနိုင်ငံအတွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် အားထုတ်ကြိုးပမ်းမှုများတွင် များစွာသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ပထမအချက်မှာ ပြည်သူ့စစ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များမှာ အကန့်အသတ်ဖြင့်သာရှိသည်။ ထို့ကြောင့် ၎င်းတို့မည်သို့ မည်ပုံလှုပ်ရှားနေကြသည်၊ ၎င်းတို့၏ အရေအတွက်နှင့် ပဋိပက္ခများတွင် ၎င်းတို့ပါဝင်နေသောအခန်းကဏ္ဍ စသည်တို့ကဲ့သို့သော သွင်ပြင်လက္ခဏာများကို သေချာရှင်းလင်းစွာ နားလည်နေကြသည်မဟုတ်ဟု အမိပွါယ်သက်ရောက်နေပါသည်။ ဒုတိယ အနေဖြင့် ပြည်သူ့စစ်အဖွဲ့များသည် များပြားစွာရှိ၍ လက်နက်ကိုင်ပဋိပက္ခများတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ သို့ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ၎င်းတို့၏အခန်းကဏ္ဍအပေါ် ဆွေးနွေးမှုများမှာမူ အကန့်အသတ်ဖြင့်သာရှိပါသည်။ တတိယအချက်အနေဖြင့် တပ်မတော်က ၎င်းတို့၏ ပြည်သူ့စစ်စနစ်အတွင်းသို့ အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ပူးပေါင်းပါဝင်လာစေခြင်းသည်ပြည်သူ့စစ်တပ်ဖွဲ့များကိုနိုင်ငံရေးကိစ္စရပ်အဖြစ် ပြုလုပ်လိုက်ခြင်းပင်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး အုပ်စုများက ပြည်သူ့စစ်တပ်ဖွဲ့များအသွင်သို့ မကြာသေးမီက ကူးပြောင်းလိုက်ခြင်းသည် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စစ်အင်အားကို လျော့နည်းသွားစေသည်။ သို့ရာတွင် အချို့အဖွဲ့များက ပြည်သူ့စစ်အဖွဲ့အဖြစ်သို့ အသွင်ကူးပြောင်းရန် အဆိုပြုချက်ကို လက်မခံကြဘဲ ယင်းအစား တပ်မတော်နှင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြုလုပ်ရန်သာ တွန်းအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံမှ တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်၏ အပြင်ဘက်တွင် လှုပ်ရှားနေကြသည့် ပြည်သူ့စစ်အဖွဲ့များက ပေးနေသော စိန်ခေါ်မှုများရှိနေရာ ပြည်သူ့စစ်အဖွဲ့များနှင့် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းရာတွင် ရှိနေသော ၎င်းတို့၏အခန်းကဏ္ဍတို့ကို စနစ်တကျကြည့်ရှုမှုမှာ အစီအစဉ်တကျ ရှိရမည်ဖြစ်သည်။ ယင်းဖြစ်စေရန် ဤအကျဉ်းချုပ်စာတမ်း၏ ပထမပိုင်းတွင် ပြည်သူ့စစ်အဖွဲ့များအပေါ် အကျဉ်းမျှ ခြုံငုံကြည့်ရှုခြင်းနှင့်အတူ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အားထုတ်ကြိုးပမ်းမှုများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် ၎င်းတို့ကပေးနေသော စိန်ခေါ်မှုများကို ပိုမိုကျယ်ပြန့်စွာ တင်ပြထားပါသည်။ ဒုတိယအခန်းတွင်မြန်မာနိုင်ငံ၏လက်နက်ကိုင်ပဋိပက္ခများနှင့်နိုင်ငံရေးအရပြိုင်ဆိုင်မှုများတွင် ပြည်သူ့စစ်များ ပါဝင်ကပြနေရသည့် အခန်းကဏ္ဍများအပေါ် သမိုင်းနောက်ခံအကြောင်းအရာကို ဖော်ပြထားပါသည်။ တတိယအခန်းတွင် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေကြသည့် လက်ရှိပြည်သူ့စစ်အဖွဲ့များ၏ရှုပ်ထွေးမှုကို နားလည်နိုင်ရန်အတွက် ပိုင်းခြားစိတ်ဖြာသည့် နည်းစနစ်တစ်ခုအဖြစ် ပြည်သူ့စစ်အမျိုးအစားများကို ခွဲခြားပုံစနစ်အား ဖော်ပြထားသည်။ စတုတ္ထပိုင်း တွင် ပြည်သူ့စစ်အဖွဲ့များ လှုပ်ရှားနေသည့် မတူညီသော စီးပွားရေးများ၊ နိုင်ငံရေး၊ ပဋိပက္ခများနှင့် ၎င်းတို့လှုပ်ရှားနေသည့်ဒေသမှ လူ့အဖွဲ့အစည်းတို့အတွင်းရှိနေသည့် ၎င်းတို့၏ အခန်းကဏ္ဍအား ဆန်းစစ်ထားသည်။ နောက်ဆုံးပိုင်းတွင်မူ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေး၌ ပြည်သူ့စစ်များနှင့်ဆိုင်သည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားထားသည်။

## နှစ်။ ။ ပြည်သူ့စစ်အဖွဲ့များ၏ နောက်ခံသမိုင်းကြောင်း (၁၉၃၀ မှ ယခုအချိန်ထိ)

မျက်မှောက်ခေတ်မြန်မာနိုင်ငံတွင် ပြည်သူ့စစ်များ၏ လွှမ်းမိုးမှုသည် ဗြိတိန်နိုင်ငံ၏ ကိုလိုနီဖြစ်ခဲ့ရသည့်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များနှင့် အဖြစ်အပျက်များကို ထင်ဟပ်နေပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း (၈၅) နှစ်ကျော်ကတည်းကပင် ပြည်သူ့စစ်တပ်ဖွဲ့များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်တို့နှင့် နိုင်ငံရေးအရ ရုန်းကန်ခဲ့ရမှုများတွင် ခရီးရောက်အောင် ပါဝင်ခဲ့ပြီး မတူကွဲပြားသော အခန်းကဏ္ဍတို့မှ ပါဝင်ခဲ့ကြသည်။

### ၂.၁။ လွတ်လပ်ရေးအကြိုကာလ

ဗြိတိန်ကိုလိုနီခေတ် ကုန်လွန်သည့်အချိန်၌ အမျိုးမျိုးသော ဗမာ တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်တို့သည် တပ်ဟုခေါ်တွင်သည့် စစ်တပ်ဆန်သော လက်နက်ကိုင်တပ်ဖွဲ့ (Paramilitary) များကို ဖွဲ့စည်းခဲ့ကြသည်။ တပ်၏အဖွဲ့ဝင်များသည် တပ်မတော်၏ လေ့ကျင့်သင်ကြားမှုတွင် ပါဝင်ခဲ့ရသော်လည်း ကိုလိုနီအရာရှိတို့က ယင်းတပ်ဖွဲ့တို့အား လက်နက်ကိုင်ဆောင်ခွင့်ကို ခွင့်မပြုခဲ့ပေ။ ၁၉၃၀ ခုနှစ်များတွင် ရိုးရာခေါင်းဆောင်တစ်ဦးဖြစ်သည့် သိန္နီစော်ဘွားက ဒေသခံခေါင်းဆောင်များအား တရုတ်နိုင်ငံနှင့်ထိစပ်နေသည့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အိမ်စောင့်တပ်များဟုလည်း ရည်ညွှန်းနိုင်သည့် ပြည်သူ့စစ်အဖွဲ့များကို တည်ထောင်ခွင့်ပြုလိုက်သောအခါ ရှမ်းပြည်နယ်မှ ဒေသခံခေါင်းဆောင်များသည် ပြည်သူ့စစ်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တပ်များချဲ့ထွင်မှုသည် ဗြိတိသျှအရာရှိများနှင့် ပြည်တွင်းခေါင်းဆောင်များ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ထင်ဟပ်သောကြောင့် တပ်ဟုခေါ်ဆိုသည့် အစဉ်အလာကို ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသား ကရင်ဒေသများတွင် လုံခြုံရေးအခြေအနေ ယိုယွင်းလာလျက်ရှိသောကြောင့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းရန် တွန်းအားဖြစ်လာရသည်။ ၁၉၄၅ နှင့် ၁၉၄၈ ကာလကြားတွင် ဗြိတိသျှအစိုးရသည် "ငြိမ်းချမ်းရေးပျောက်ကျား" များဟုသိသည့် ပြည်သူ့စစ်အဖွဲ့ငယ်များကို ယင်းဒေသတို့တွင် ဖွဲ့စည်းရန် ခွင့်ပြုပေးခဲ့သည်။ အမျိုးသားရေးခေါင်းဆောင် ကိုအောင်ဆန်းသည် ပြည်သူ့စေတနာ့ဝန်ထမ်းအဖွဲ့ (People's Volunteer Organization) ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရာတွင် သူ၏ဩဇာရှိနိုင်ရန် နိုင်ငံရေးလက်နက်တစ်ခု ဖြစ်လာခဲ့သည်။ ဤကာလအတွင်း တပ်အုပ်စုများသည် ဆိုရှယ်လစ်ပါတီမှ နိုင်ငံရေးသမားများအပြင် ယင်းအချိန်တွင်ပင် ထပ်မံထွက်ပေါ်လာသည့် လက်နက်ကိုင်ဓါးပြများနှင့်လည်း ဆက်နွယ်နေပါသည်။

## ၂.၂။ လွတ်လပ်ရေးအစောပိုင်းကာလ (၁၉၄၈ မှ ၁၉၆၂)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်သူ့စစ်အဖွဲ့များလည်း ပြန့်နှံ့လာခဲ့သည်။ သူတို့ထွက်ပေါ်လာမှုသည် ပြည်တွင်းနိုင်ငံရေးပြိုင်ဘက်များ ပေါင်းစည်းသွားမှုနှင့် ဆိုးရွားသည့် လုံခြုံရေးအခြေအနေတို့ကို ထင်ဟပ်ခဲ့သည်။ ပြိုင်ဆိုင်နေကြသည့် နိုင်ငံရေးအုပ်စုများအကြား တွေ့ကြုံနေရသော အာဏာလွန်ဆွဲမှုတို့သည် နိုင်ငံရေးသမားများက တပ်များ ဆက်လက်ဖွဲ့စည်းရန် ဖြစ်စေခဲ့သည်။ ခါးပိုက်ဆောင်တပ်ဖွဲ့ (Pocket Armies) ဟု လူသိများထင်ရှားသည့် အဖွဲ့များသည် နိုင်ငံရေးသမားတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များအဖြစ် အသုံးပြုခြင်းခံနေရပြီး ၎င်းတို့သည် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုတို့တွင် ပါဝင်ခဲ့ရသည်။ တစ်ချိန်တည်းမှာပင် ထွက်ပေါ်လာသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သောင်းကျန်းသူများမှသည် တပ်မတော်တပ်ရင်းများ၏ တပ်တွင်းပုန်ကန်မှုများအထိသာမက တရုတ်တပ်ဖွဲ့များ၏ ကျူးကျော်ဝင်ရောက်လာမှုတို့ကြောင့် ဒေသအဆင့်နှင့် အမျိုးသားအဆင့်ရှိ တာဝန်ရှိသူများသည် ယင်းအန္တရာယ်တို့ကို ပြန်လည်ချေမှုန်းတိုက်ခိုက်ရန် ပြည်သူ့စစ်အဖွဲ့များကို ထူထောင်လာခဲ့ကြပါသည်။

၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်တွင်းစစ် အဆုံးသတ်ခြင်းသည် အသစ်စက်စက် လွတ်လပ်ရေးရခဲ့သည့် မြန်မာနိုင်ငံအတွက် ခြိမ်းခြောက်မှုအသစ်တစ်ရပ်ကို တွေ့ကြုံလာစေခဲ့သည်။ ရှုံးနိမ့်လာခဲ့သည့် ချန်ကေရှိတ် ၏ တရုတ်တပ်ဖွဲ့များဖြစ်သည့် ကူမင်တန်တို့သည် ယူနန်ခရိုင်အတွင်းရှိ တရုတ်ကွန်မြူနစ်များ၏ လက်မှလွတ်မြောက်ရန် အလို့ငှာ ရှမ်းပြည်နယ်အတွင်းသို့ စတင်ဖြတ်သန်းလာခဲ့ကြသည်။ လျင်မြန်စွာ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာသော လက်နက်ကိုင်ခြိမ်းခြောက်မှုများသည် ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော လွတ်လပ်ရေးရခါစ အစိုးရသစ် ပြိုကွဲမှုအတွက် ရှေ့ပြေးနိမိတ်များပင်ဖြစ်သည်။ လွတ်လပ်ပြီးကာစ မြန်မာနိုင်ငံသစ်အနေဖြင့် ရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များသည် ၎င်းတို့ကို ထိန်းချုပ်နိုင်သည့် တပ်မတော်၏ စွမ်းဆောင်နိုင်မှုထက်ပင် အလျင်အမြန်ကျော်လွန်သွားခဲ့ပါသည်။ စစ်တပ်ကို အဆမတန်ချဲ့ထွင်မည့် အလားအလာနှင့် စစ်ရှုံးနိုင်ခြေတို့ကို ရင်ဆိုင်လာခဲ့ကြရပြီးနောက် လုံခြုံရေးနှင့်ဆိုင်သော ခေါင်းဆောင်များသည် ကြီးထွားလာသည့် ခြိမ်းခြောက်မှုတို့ကို ကိုင်တွယ်နိုင်ရန် ၎င်းတို့မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းပြည်သူ့စစ်အဖွဲ့အစည်းများသည် အမျိုးအစားများပြား၍ ပြောင်းလဲနိုင်ပြီး မကြာခဏဆိုသလိုပင် ၎င်းတို့၏အဖွဲ့အတွင်း ဖွဲ့စည်းပုံများကို ပြောင်းလဲလေ့ရှိကြသည်။

၁၉၄၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုသည် နောက်ပိုင်းတွင် စစ်ဝန်ထမ်းဟု ခေါ်တွင်သည့် (တပ်မတော်၏ ဝန်ကို ထမ်းရသူ) ပြည်ထောင်စုရဲတပ်ဖွဲ့အထူးအရန်တပ် (Union Police Special Reserve) ကို ဖန်တီးတည်ထောင်ရန် ခွင့်ပြုပေးခဲ့သည်။ အချို့သော ဒေသခံနိုင်ငံရေးသမားများသည် ၎င်းတို့အား ထောက်ခံသူများဖြင့် စစ်ဝန်ထမ်းတပ်ရင်းများကို ဖွဲ့စည်းခဲ့ကြပြီး ကွန်မြူနစ်တို့၏ တိုက်ခိုက်မှုများကို ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။ ဦးနုအစိုးရ၏ လုံခြုံရေးနှင့်ဆိုင်သော အရာရှိများသည်လည်း မြန်မာနိုင်ငံတစ်လွှား လီဗိုင် (Levies) များဟုခေါ်သည့် စစ်တပ်ဆန်ဆန် လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းခြင်းကို ခွင့်ပြုခဲ့သည်။ ရှမ်းပြည်နယ်တွင် ဒေသခံအုပ်စိုးသူများသည် သောင်းကျန်းသူများနှင့် ကူမင်တန်တပ်ဖွဲ့တို့၏ ခြိမ်းခြောက်မှုကို ပြန်လည်တွန်းလှန်ရန် အကန့်အသတ်ဖြင့်သာ လေ့ကျင့်သင်တန်းပေးထားသည့် ကျန်းမာသန်စွမ်းသော အမျိုးသားများပါဝင်သည့် အဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဒေသခံအစိုးရ တာဝန်ရှိသူများသည် ရှမ်းပြည်မြောက်ပိုင်းရှိ ရှမ်းတိုင်းရင်းသားရွာများနှင့် ကချင်ရွာများတွင် စေတနာ့ဝန်ထမ်း ကာကွယ်ရေးတပ်ဖွဲ့များဟု အများသိကြသည့် ဒေသခံပြည်သူ့စစ်အဖွဲ့များကို စတင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၅၆ ခုနှစ်တွင် တပ်မတော်သည် ပြည်သူ့စစ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် အမျိုးသားအစောင့်တပ် ညွှန်ကြားရေးမှူးရုံးကို ဖွဲ့စည်းခဲ့ပြီး ယင်းမှာနောက်ပိုင်းတွင် ညှိနှိုင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးရုံးများ၏ ရှေ့တော်ပြေးဌာနပင်ဖြစ်သည်။ ၎င်း၏ တာဝန်များစွာထဲမှ တာဝန်တစ်ခုမှာ တက္ကသိုလ်ကျောင်းသားများကို စုဆောင်း၍ အပျော်တမ်းတပ်သားအဖြစ် လေ့ကျင့်သင်ကြားပေးရန် ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် အစိုးရသည် ပျူစောထီးအစီအစဉ်ကို စတင်လုပ်ဆောင်ခဲ့ပြီး ယင်းမှာ မြို့နယ်နှင့် ရွာတို့မှ ကာကွယ်ရေးစီမံကိန်းတစ်ခုဖြစ်၍ သောင်းကျန်းသူများအား ချေမှုန်းရေးလုပ်ရှားဆောင်ရွက်မှုများတွင် တပ်မတော်ကို ကူညီရန် ရည်ရွယ်ခဲ့သည်။

၁၉၅၀ ခုနှစ်နှောင်းပိုင်းတွင် သောင်းကျန်းသူအမျိုးအစားပေါင်းစုံတို့၏ ခြိမ်းခြောက်မှုများသည် လျော့ပါးစပြုလာသည်။ ၁၉၅၈ ခုနှစ်တွင် ဦးနုအစိုးရ၏ ဒီမိုကရေစီအတွက်လက်နက် အစီအစဉ် အစပြုခြင်းကြောင့် သူပုန်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကမ်းလှမ်းခဲ့ရာ သောင်းကျန်းသူအရေအတွက် အတော်များများကို သိသာစွာ လျော့ကျစေခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော တပ်မတော်သည် အစိုးရအဖြစ်ချုပ်ကိုင်လာကာ ၁၉၅၈ မှ ၁၉၆၀ ခုနှစ်အထိ အိမ်စောင့်

အစိုးရဟု ခေါ်တွင်သည့် စစ်တပ်အုပ်ချုပ်သော အချိန်ကာလတစ်ခုကို အစပြုခဲ့သည်။ ယင်းကာလတွင် ဗိုလ်ချုပ်နေဝင်းအစိုးရသည် ပြည်သူ့စစ်အဖွဲ့ အများအပြားကို ဖျက်သိမ်းခဲ့သည်။

## ၂.၃။ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကာလ (၁၉၆၂ မှ ၁၉၈၈)

၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် အရွေးကောက်ခံအစိုးရကို ဖြုတ်ချ၍ အာဏာသိမ်းယူမှု ပြုလုပ်ခဲ့ကာ တစ်ပါတီထဲကသာ အုပ်စိုးသည့် နိုင်ငံရေးစနစ်တစ်ခုကို တည်ဆောက်ခဲ့သည်။ အစပိုင်းတွင် တပ်မတော် မှ ဦးဆောင်သည့် တော်လှန်ရေးကောင်စီက အုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ (သို့) အငြိမ်းစားယူထားသော တပ်မတော်အရာရှိများ လွှမ်းမိုးသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအသစ်က အုပ်ချုပ်ခဲ့သည်။

၁၉၆၀ ခုနှစ်များ အစောပိုင်းတွင် သောင်းကျန်းသူတို့ တစ်ကျော့ပြန် ဒုတိယအကြိမ်အဖြစ် ထွက်ပေါ်လာခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားများအကြားနှင့် ၁၉၆၁ ခုနှစ်တွင် ကချင်တိုင်းရင်းသားများအကြား လက်နက်ကိုင်တော်လှန်ရေးများ ပေါ်ပေါက်လာခြင်းနှင့် ၁၉၆၈ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဗမာပြည်ကွန်မြူနစ်ပါတီ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ဝင်ရောက်လာခြင်းတို့သည် တပ်မတော်အစိုးရအတွက် အလေးအနက်ထားရမည့် စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းကာလအတွင်း တပ်မတော်က ပြည်သူ့စစ်တို့ကို အသုံးပြုမှုသည် ကျယ်ပြန့်လာခဲ့ပြီး ပြည်သူလူထုတိုက်ပွဲဟူသော တပ်မတော်၏ အယူဝါဒ၏ အစိတ်အပိုင်းအဖြစ် ပုံစံတကျ ဖွဲ့စည်းခဲ့သည်။ တပ်မတော်မှ တပ်မှူးများသည် ရပ်ရွာအခြေအနေနှင့် လုံခြုံရေးလိုအပ်ချက်များကို အခြေခံ၍ အမျိုးမျိုးသော ပြည်သူ့စစ် အစီအစဉ်များကို နေရာချ၍ အသုံးပြုခဲ့ကြသည်။

၁၉၆၀ ခုနှစ် အစောပိုင်းကာလများတွင် ရှမ်းပြည်နယ်၌ တပ်မတော်မှ တပ်မှူးများသည် တိုင်းရင်းသားလူမျိုးစိတ်ဓါတ် ပြင်းထန်နေသည့်သူများမှ ဦးဆောင်သော သောင်းကျန်းပုန်ကန်မှုများ၏ ကြီးထွားလာသည့် ခြိမ်းခြောက်မှုကို ပြန်လည်တိုက်ခိုက်ဖြေရှင်းရန် ပြည်သူ့စစ်တပ်ဖွဲ့များကို စတင်ဖွဲ့စည်းခဲ့သည်။ အစိုးရပြည်သူ့စစ် အဖွဲ့များသည် ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းတွင် အမျိုးအစားသုံးမျိုး ထွက်ပေါ်လာခဲ့သည်။ ပြည်သူ့စစ်၊ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့များ (သကဆဖ) နှင့် ကာကွယ်ရေးပြည်သူ့စစ်များ ဟူ၍ဖြစ်သည်။

ပြည်သူ့စစ်ဟူသောဝေါဟာရမှာ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရလက်ထက် ၁၉၆၀ ခုနှစ်များ အစောပိုင်းကာလတွင် တပ်မတော်မှဖွဲ့စည်းခဲ့သည့် ပြည်သူ့စစ်အဖွဲ့များကို ရည်ညွှန်းပြီး တပ်မတော်၏ ရပ်ရွာအခြေပြု ပြည်သူ့စစ်အဖွဲ့များ၏ ရှေ့ပြေးဖြစ်သည်။ ၎င်းတို့သည် အစိုးရ၏ အမျိုးသားရေးကာကွယ်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသအဖြစ် တပ်မတော်မှညှိနှိုင်း၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ အဓိကတာဝန်များစွာထဲမှ တစ်ခုမှာ ကျေးရွာကာကွယ်ရေးတွင် ကူညီပေးရန်အပြင် လမ်းပြနှင့် သတင်းပေးများအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။

သောင်းကျန်းသူဆန့်ကျင့်ရေးအဖွဲ့များသည် တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များ၏ ရှေ့ပြေးအဖွဲ့ပင်ဖြစ်သည်။ ၎င်းအဖွဲ့များသည် သင်တန်းလေ့ကျင့်မှု အနည်းငယ်ကိုသာ ရရှိခဲ့ပြီး တပ်မတော်သည် ၎င်းတို့အပေါ် ထိန်းချုပ်မှု အနည်းငယ်သာ ရှိခဲ့သည်။ အမျိုးမျိုးသောရင်းမြစ်များက ထောက်ပြနေသည်မှာ ယင်းအုပ်စုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တပ်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် လှုပ်ရှားကြပါသည်။

ကာကွယ်ရေးတပ်များတွင် တပ်မတော်နှင့် မဟာမိတ်ပြည်သူ့စစ်များအဖြစ် တပ်မတော်မှ အသိအမှတ်ပြုထားသည့် လက်နက်ကိုင်အုပ်စုများ ပါဝင်ပြီး အပြန်အလှန်နားလည်မှုရှိစွာဖြင့် ၎င်းတို့၏ ဥပဒေနှင့်ဆန့်ကျင်သော စီးပွားရေးလုပ်ရှားဆောင်ရွက်မှုများကို အတည်ပြုပေးသည့် သဘောရှိသည်။ ဤကာလအတွင်း ဒေသခံခေါင်းဆောင်များသည် မိမိကိုယ်ပိုင်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် သူတို့၏ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ငယ်များကို ထူထောင်ကြသည်။ အုပ်စုအများစုအတွက် ကာကွယ်ရေးတပ်ဟူသည့် အဆင့်အတန်းသည် အစိုးရမှ တရားဝင် အသိအမှတ်ပြုခံရခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများစသည့် အကျိုးအမြတ်များကို ပေးပါသည်။

၁၉၇၄ ခုနှစ်တွင် အစိုးရသည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဤပြောင်းလဲမှုသည်လည်း ပြည်သူ့စစ်စနစ်ကို ပြန်လည်ဆန်းစစ်ခြင်းတွင် ထည့်သွင်းစဉ်းစားရမည်အရာ ဖြစ်ခဲ့သည်။ တပ်မတော်ခေါင်းဆောင်များသည် ပြည်သူ့စစ်နှင့် ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူးရုံးကို ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ တစ်ချိန်တည်းမှာပင် တပ်မတော်ခေါင်းဆောင်များသည် ရှမ်းပြည်နယ်မှ ကာကွယ်ရေးတပ်များကို ထိန်းချုပ်နိုင်ရန်လည်း ကြိုးပမ်းခဲ့သည်။ လပေါင်းများစွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် တပ်မတော်ဗိုလ်ချုပ်များသည် ကာကွယ်ရေးအဖွဲ့ (၂၃) ဖွဲ့ကို ၁၉၇၃ ခုနှစ်၊ ဧပြီလနောက်ဆုံးထားပြီး လက်နက်ချ၍ ၎င်းတို့၏တပ်ဖွဲ့များကို ဖျက်သိမ်းကာ တပ်မတော်နှင့် ပူးပေါင်းရန် ရက်သတ်မှတ်ပေးခဲ့သည်။ ကာကွယ်ရေးအဖွဲ့များ၏ ပြန်လည်တုံ့ပြန်မှုများကမူ အမျိုးမျိုးပင်ဖြစ်သည်။ အင်အားအကောင်းဆုံး အုပ်စုများကမူ အမိန့်ကိုလိုက်နာရန် ငြင်းပယ်ခဲ့ပြီး အုပ်စုငယ်များစွာကမူ လိုက်နာခဲ့သည်။[၁] လော်စစ်ဟန်နှင့် မဟာစန် အပါအဝင် ပြည်သူ့စစ်ခေါင်းဆောင်အချို့သည် ရှမ်းပြည်နယ်တပ်မတော် (SSA) နှင့် မဟာမိတ်ပြုလုပ်ခဲ့ကြသည်။

သုံးသပ်သူများသည် တပ်မတော်က ၎င်း၏ပြည်သူ့စစ်အစီအစဉ်များကို ပြန်လည်ဖွဲ့စည်းမှုအပြင် ကာကွယ်ရေးတပ်များအား ဖျက်သိမ်းခြင်းအတွက် အမျိုးမျိုးသော အကြောင်းပြချက်များကို စဉ်းစားကြည့်ခဲ့ကြသည်။ တစ်ချက်မှာ တပ်မတော်ခေါင်းဆောင်များအကြား စိုးရိမ်ပူပန်မှုဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဘိန်းရောင်းဝယ်ခြင်းနှင့် မြန်မာနိုင်ငံတွင် ထွက်

[၁] ကာကွယ်ရေးအဖွဲ့ (၂၃) ဖွဲ့တွင် ၉ ဖွဲ့သည် လိုက်နာရန် ငြင်းပယ်ခဲ့သည်။

ပေါ်လာကာစ စားသုံးကုန်မှောင်ခိုဈေးကွက်တွင် ပါဝင်ပတ်သက်နေသည့် ပြည်သူ့စစ်များနှင့် တပ်မတော်တို့ ပတ်သက်နေခြင်းသည် အများက မကျေနပ်မှုအတွက် အကြောင်းရင်းခံတစ်ခုဖြစ်သည်။ အခြားသော ထင်မြင်ချက်တစ်ခုမှာ ဤဆုံးဖြတ်ချက်သည် အမေရိကန်နှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေးတွင် အပြောင်းအလဲများကို ထင်ဟပ်ခဲ့သည်ဟူ၍ဖြစ်ပြီး အဘယ်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံသည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒ၏ တစ်စိတ်တစ်ဒေသအဖြစ် မူးယစ်ဆေးဝါးတိုက်ဖျက်မှု ကနဦးဆောင်ရွက်ချက်တွင် စတင်ပူးပေါင်းဆောင်ရွက်လာခဲ့သောကြောင့်ဖြစ်သည်။[၂] အခြားသော ထင်မြင်ချက်တစ်ခုကမူ ကာကွယ်ရေးတပ်များကိုအသုံးပြုမှုသည် တပ်မတော်၏ သောင်းကျန်းမှုချေမှုန်းရေး ရည်မှန်းချက်များကို အန္တရာယ်ရှိသောကြောင့်ဖြစ်သည်။ ယင်းကာလအတွင်း အချို့သောကာကွယ်ရေးတပ်များသည် သောင်းကျန်းသူများနှင့် ဆက်ဆံရေးရှိနေဆဲဖြစ်သည်။

၁၉၇၃ ခုနှစ် နောက်ပိုင်းတွင် တပ်မတော်သည် အစောပိုင်းကပင် လက်နက်ချခဲ့သည့် အချို့သော ဒေသခံကာကွယ်ရေးအင်အားစုများကို လူထု၏ ပြည်သူ့စစ်အဖွဲ့များအဖြစ်သို့ ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယင်းကာလအတွင်း တပ်မတော်သည် အရေးပေါ်အနေဖြင့် ပြည်သူ့စစ်အဖွဲ့သစ်များကို ဆက်လက်ဖွဲ့စည်းခဲ့သည်။ ပြည်သူ့စစ်စနစ်၏ လက္ခဏာတွင် အဓိကအစီအစဉ်နှစ်မျိုးကို တွေ့ရသည်။ ယင်းတို့မှာ လူထု၏ ပြည်သူ့စစ်အဖွဲ့များနှင့် သောင်းကျန်းသူဆန့်ကျင်ရေးအင်အားစုများဟူ၍ဖြစ်ပြီး နှစ်ဖွဲ့စလုံးကို ရပ်ရွာလုံခြုံရေးအခြေအနေများက ထိန်းကျောင်းလမ်းညွှန်သည်။

## ၂.၄။ အပစ်အခတ်ရပ်စဲရေးကာလ (၁၉၈၉ မှ ၂၀၀၉ )

ဦးနေဝင်းခေါင်းဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (BSPP) အစိုးရကို ၁၉၈၈တွင် ဆန့်ကျင်သည့် နိုင်ငံလုံးဆိုင်ရာ ဆန္ဒပြလှုပ်ရှားမှုကြီးနှင့် ၁၉၈၉ ခုနှစ်တွင် ဗကပ ပြိုလဲသွားခြင်းတို့သည် တပ်မတော်၏ ပြည်သူ့စစ်များကို အသုံးပြုမှုအတွက် ခရီးရောက်သည့် အကျိုးဆက်များကို ရရှိစေပါသည်။ တစ်ခုမှာ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှတဆင့် ချိတ်ဆက်လာခဲ့ပြီး အချို့ကိစ္စများတွင် ၎င်းအဖွဲ့များအား အစိုးရမဟာမိတ် ပြည်သူ့စစ်များအဖြစ်သို့ အသွင်ကူးပြောင်းသွားစေသည်။ တစ်ချိန်တည်းမှာပင် တပ်မတော်သည် ၎င်း၏ ပို၍ကျယ်ပြန့်သော စစ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပြည်သူ့စစ်အဖွဲ့များအသုံးပြုမှုကိုလည်းပြန်လည်တည်ဆောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်အစိုးရကို ဆန့်ကျင်သည့်လူများ ထောက်ခံသည့် ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခြင်းသည် ယုံကြည်ရသော ဦးနေဝင်းက ထောက်ခံပေးခဲ့သူ ဗိုလ်ချုပ်ကြီးစောမောင်ကို ဦးဆောင်စေ၍ တပ်မတော်ကို အာဏာသိမ်းမှုဖြစ်စေခဲ့သည်။ ထို့ပြင် ၁၉၉၂ တွင် အသစ်တည်ထောင်လိုက်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ၏ ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်ကြီးသန်းရွှေ ဖြစ်လာခဲ့သည်။ တစ်ချိန်တည်းတွင် တပ်မတော်သည် ၎င်း၏ ပြည်သူ့စစ်စနစ်ကို ပြန်လည်စီစဉ်ဖွဲ့စည်းမှုပြုလုပ်၍ ၎င်း၏အာဏာကို ထောက်ပံ့ပေးမည့် ကိစ္စရပ်များကိုလည်း လုပ်ဆောင်ခဲ့သည်။ ယင်းအချိန်က ပြောင်းလဲမှုအတိုင်းအတာတစ်ရပ်သည် ရှင်းလင်းမှုမရှိပေ။ သို့သော် အစီရင်ခံစာများမှ ပြသနေသည်မှာ ကချင်ပြည်နယ်ကဲ့သို့သော ဗမာနယ်မြေမဟုတ်သည့် ဒေသအချို့တွင် တပ်မတော်သည် ပြည်သူ့စစ်တပ်ဖွဲ့များကို ဖျက်သိမ်းခဲ့သည်။ သို့ရာတွင် မွန်ပြည်နယ်ကဲ့သို့သော ဗမာနယ်မြေမဟုတ်သည့် ဒေသများတွင်မူ တပ်မတော်သည် အရပ်သားများအတွက် ပြည်သူ့စစ်ဆိုင်ရာသင်တန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

တပ်မတော်၏ ပြည်သူ့စစ်အဖွဲ့များအပေါ် စီမံခန့်ခွဲမှု၌ အခြားထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုတွင် ယခင်က အစိုးရကိုဆန့်ကျင်၍ လက်နက်ကိုင်ဆန့်ကျင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့စစ်အဆင့်အတန်းအတွက် ဆွေးနွေးညှိနှိုင်းမှုလည်း ပါဝင်လာခဲ့သည်။ ယင်းမှာ ၁၉၈၉ တွင် မြန်မာနိုင်ငံ၌ အကြီးမားဆုံးသော လက်နက်ကိုင်သောင်းကျန်းမှုကြီးကို လျင်မြန်စွာ ပြိုလဲသွားစေခဲ့သည့် ဗကပ အတွင်း ပုန်ကန်မှုနှင့်အတူ စတင်ခဲ့သည်။ ဗကပသည် အုပ်စုလေးစုကွဲသွားခဲ့ပြီး ယင်းပြိုကွဲမှုက နဝတ ခေါင်းဆောင်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား စီမံခန့်ခွဲနိုင်မည့် ချဉ်းကပ်မှုနည်းလမ်းသစ် ချမှတ်ကျင့်သုံးရန် အခွင့်အလမ်းရစေခဲ့သည်။ တပ်မတော်ထောက်လှမ်းရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအတွက် ဆွေးနွေးညှိနှိုင်းရာ၌ ဦးဆောင်ခဲ့သည်။ ယခင် ဗကပ အုပ်စုလေးခုနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် ၁၉၈၉ ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီး တပ်မတော်ကို ဆန့်ကျင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအချင်းချင်း မဟာမိတ်ပြုလုပ်မည့် ကြိုးပမ်းအားထုတ်မှုသည်လည်း မဖြစ်မြောက်ခဲ့ပေ။

၁၉၈၉ ခုနှစ် မှ ၂၀၀၉ ခုနှစ်အထိ ကာလအတွင်း လက်နက်ကိုင်အဖွဲ့အစည်း (၄၀) သည် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် ပါဝင်လာခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး၏ အောင်မြင်မှုသည် တပ်မတော်မှ စစ်ရေးဆိုင်ရာ ဖိအားနှင့် စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုနှင့် နိုင်ငံရေးဆွေးနွေးမှု ကတိကဝတ်များနှင့်အတူ ပဋိပက္ခများရပ်ဆိုင်းရေးအတွက် မက်လုံးများကြောင့်ဖြစ်သည်။ သဘောတူညီချက်များတွင်တိုက်ခိုက်မှုများရပ်ဆိုင်းရန် စစ်ရေးသဘောတူညီချက်သာ ပါဝင်ပြီး ရေရှည်နိုင်ငံရေး အဖြေ

[၂] ၁၉၇၀ ခုနှစ်များအစောပိုင်းတွင် အမေရိကန်သမ္မတနစ်ဆင်အစိုးရ၏ ကြေညာချက်ဖြစ်သည့် "မူးယစ်ဆေးဝါးအပေါ် စစ်ပွဲ"အရ အမေရိကန်ပြည်ထောင်စုအစိုးရသည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒတစ်ရပ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုအပေါ် ပူးပေါင်းဆောင်ရွက်မှုကို စတင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံကိစ္စတွင် အမေရိကန်အစိုးရသည် မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့်ပတ်သက်၍ ပို၍အားကောင်းသော ရပ်တည်ချက်ကို ပြသရန် တပ်မတော်အား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကူအညီ မက်လုံးများ ဖန်တီးပေးခဲ့သည်။

အတွက် နည်းလမ်းများကမ်းလှမ်းမှု မပါဝင်ပေ။ တပ်မတော်အစိုးရသည် အသွင်ကူးပြောင်းရေးအစိုးရအဖြစ်ကို ထိန်းထားခဲ့ပြီး ၁၉၉၃ တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် အမျိုးသားညီလာခံမှတစ်ဆင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်ကို မူကြမ်းရေးဆွဲ၍ ယင်းမူကြမ်းမှပင် ၂၀၀၈ အခြေခံဥပဒေ ဖြစ်ပေါ်လာခဲ့သည်။ အချို့သော အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ ကိုယ်စားပြုပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သော်လည်း အခြားသောအဖွဲ့များမှာမူ ယင်းညီလာခံတွင် ကျယ်ပြန့်သော နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများ ပါဝင်မည်မဟုတ်သည့်အပြင် ၂၀၀၈ အခြေခံဥပဒေသည် ၎င်းတို့၏ နိုင်ငံရေးအရ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ပေးလိမ့်မည်မဟုတ် ဟူသော မကျေနပ်မှုများကို ဖော်ပြခဲ့ကြသည်။

တပ်မတော်မှ ကြိုးပမ်းသော အပစ်အခတ်ရပ်စဲရေး ချဉ်းကပ်မှုသည် အပစ်အခတ်ရပ်စဲရေး အုပ်စုအလွှာနှစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ပထမအလွှာတွင် တပ်မတော်မှ အဓိကလက်နက်ကိုင်အုပ်စုများအဖြစ် ရည်ညွှန်းထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်သည်။ ဒုတိယအလွှာမှာ တပ်မတော်မှ လက်နက်ကိုင်အုပ်စု အသေးစားဟု သတ်မှတ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ခွဲထွက်လာသည့်အုပ်စုများ ပါဝင်သည်။ အပစ်အခတ်ရပ်စဲရေးတွင်ပါဝင်သော သတ်မှတ်ချက်များမှာ ဒုတိယအလွှာထက်စာလျှင် ပထမအလွှာအား ပို၍ အလေးပေးထားခဲ့ပါသည်။ ပထမအလွှာမှ အုပ်စုများသည် တပ်မတော်အစိုးရထံမှ စီးပွားရေးဆိုင်ရာအကူအညီများကို ရရှိခဲ့ပြီး အချို့သောကိစ္စများတွင် ၎င်းတို့၏နယ်မြေကို ပိုင်းခြားဘောင်ခတ်ပေးထားပြီး အထူးဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ မတူညီသည်မှာ ဒုတိယအလွှာမှ အဖွဲ့အချို့အတွက်မူ ၎င်းတို့၏ လက်နက်များနှင့် နယ်နိမိတ်တို့အား လျှော့ချခဲ့ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး အုပ်စုအချို့ကမူ အစိုးရမဟာမိတ် ပြည်သူ့စစ်များ ဖြစ်လာခဲ့ကြသည်။

ဤအပစ်အခတ်ရပ်စဲရေးစနစ်ကို ၁၉၈၉ မှ ၂၀၀၈ ခုနှစ်အထိ ကျင့်သုံးခဲ့သည်။ ၂၀၀၉ ခုနှစ် အစတွင် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စီမံခန့်ခွဲရာ၌ ၎င်း၏ချဉ်းကပ်မှုအား ပြောင်းလဲခဲ့ရာ ယင်းက အပစ်အခတ်ရပ်စဲရေးစနစ်ကို ပြောင်းလဲစေခဲ့သည်။ ပြောင်းလဲမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အစိုးရမဟာမိတ် ပြည်သူ့စစ်အဖွဲ့များ ဖြစ်လာစေရန် တပ်မတော်က ကမ်းလှမ်းမှုပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲမှု အဆင့်သစ်တစ်ရပ်ပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစပြုမှု ပါဝင်ပါသည်။ အစိုးရအတွင်း ပြောင်းလဲမှုများသည် တိုင်းရင်းသားများနှင့်ဆိုင်သော နိုင်ငံရေးအတွက် ကဏ္ဍသစ်တစ်ရပ် စတင်လာကြောင်း အချက်ပေးခြင်းဖြစ်သည်။

## ၂.၅။ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၂၀၀၉ မှ ယနေ့အထိ)

၂၀၀၉ ခုနှစ်ကတည်းကပင် နိုင်ငံရေးစနစ်သည် တပ်မတော်မှ တိုက်ရိုက်အုပ်ချုပ်သည့်စနစ်မှပို၍ပွင့်လင်းပြီး ဒီမိုကရေစီတပိုင်းအစိုးရအဖြစ်သို့ ပြောင်းလဲလာခဲ့သောကြောင့် ပြည်သူ့စစ်စနစ်တွင်လည်း အပြောင်းအလဲများ ကြုံတွေ့လာခဲ့ကြသည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ပြည်သူ့စစ်အဖြစ်သို့ အသွင်ကူးပြောင်းရန်နှင့် ပြည်သူ့စစ်တာဝန်အတွက် အရပ်သားများကို သင်တန်းများတိုးပေးခြင်းများကို တပ်မတော်မှ အစပျိုးလုပ်ဆောင်လာခြင်းများ ပါဝင်သည်။

၂၀၀၉ ခုနှစ်၊ ဧပြီ (၂၇) ရက်နေ့တွင် တပ်မတော်သည် အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို အစိုးရမဟာမိတ် ပြည်သူ့စစ်များအဖြစ်သို့ အသွင်ပြောင်းလိုသည့် ၎င်း၏ရည်ရွယ်ချက်ကို ကြေညာခဲ့သည်။ ပြည်သူ့စစ်အဖြစ် ကမ်းလှမ်းမှုတွင် မတူကွဲပြားသည့် အစီအစဉ်နှစ်ခု ပါဝင်ခဲ့သည်။ ပထမတစ်ခုမှာ နယ်ခြားစောင့်တပ်စီမံချက်ဖြစ်ပြီး ၎င်းတွင် အောက်ပါတို့ပါဝင်သည်။ ပထမအနေဖြင့် တပ်မတော်သားများသည် အဖွဲ့အတွင်းတွင် ပါဝင်ရမည်ဖြစ်ပြီး အင်အားဖွဲ့စည်းပုံတွင် တပ်မတော်သား သုံးရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။ ဒုတိယအနေဖြင့် အဖွဲ့တစ်ခုချင်းစီ၌ (၃၂၆) ဦး ပါဝင်သည့် တပ်ရင်းအရွယ်အစားအဖြစ် ဖွဲ့စည်းရမည်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့ ကြီးမားပါက တပ်ရင်းအရေအတွက် ခွင့်ပြုမှုသည် အဖွဲ့ငယ်များထက် ပို၍များပါသည်။

အပစ်အခတ်ရပ်စဲရေးအုပ်စုများကို ကမ်းလှမ်းသည့် ဒုတိယအစီအစဉ်မှာ ၎င်းတို့အား ပြည်သူ့စစ်အဖြစ်သို့ အသွင်ကူးပြောင်းရန်ဖြစ်ပြီး တပ်မတော်မှ လူထု၏ ပြည်သူ့စစ်အင်အားစု (PMF) များဟု ရည်ညွှန်းထားသည်။ ပြည်သူ့စစ်များဖြစ်လာရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ နယ်ခြားစောင့်တပ်အဖြစ်ပြောင်းရန် လိုအပ်သော အဆင့်များထက် တင်းကြပ်မှု လျော့ပါးပါသည်။ ပြည်သူ့စစ်များသည် အခြားသော လက်နက်ကိုင်အဖွဲ့များအကြောင်း သတင်းအချက်အလက်များ စုဆောင်းပေးခြင်း၊ ခက်ခဲသည့်နယ်မြေများတွင် ကူညီလမ်းပြပေးခြင်းနှင့် တိုက်ပွဲစစ်ဆင်ရေးများတွင် တပ်မတော်သားများအား ကူညီပေးခြင်းတို့ဖြင့် တပ်မတော်အား ကူညီပေးသည်။ နယ်ခြားစောင့်တပ် ကမ်းလှမ်းချက်ကဲ့သို့ပင် ပြည်သူ့စစ်အဆိုပြုချက်တွင် တပ်အရွယ်အစား လျှော့ချခြင်းလည်း ပါဝင်သည်။ သို့ရာတွင် နယ်ခြားစောင့်တပ်နှင့် မတူညီသည်မှာ ဤပြည်သူ့စစ်အစီအစဉ်တွင် တပ်မတော်မှ စစ်သားများ ထည့်သွင်းရန် မလိုအပ်ခြင်းဖြစ်သည်။ အဆိုပါ အဆိုပြုချက်သည် အစောပိုင်းက ပြည်သူ့စစ်ဖွဲ့စည်းထားခြင်းမရှိသည့် အချို့သော အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို တပ်မတော်၏ ပြည်သူ့စစ်အစီအစဉ်တွင် ပူးပေါင်းပါဝင်ရန် ဖြစ်လာရသည်။

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် အာဏာရရှိလာသည့်အခါ သူ၏ အစိုးရသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များကြားရှိ ပဋိပက္ခကို ဖြေရှင်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ အစိုးရသစ်ပြုလုပ်ခဲ့သည့် ခြေလှမ်းတစ်ခုမှာ ပြည်သူ့စစ်အသွင်ကူးပြောင်းရေးကိစ္စကို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်လာခြင်းနှင့် အချိတ်အဆက် ဖြတ်တောက်ထားခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေကာမူ တပ်မတော်၏ ပြည်သူ့စစ်အဖွဲ့အသစ်များ ဖွဲ့စည်းပေးခြင်းရလဒ်အဖြစ် အချို့သော ဗမာနယ်မြေမဟုတ်သည့်ဒေသများတွင် တပ်များ ပိုမိုများပြားလာမှုကို ဖြစ်စေပါသည်။

ဦးသိန်းစိန်အစိုးရသည် လက်နက်ကိုင်အဖွဲ့(၁၄) ဖွဲ့ဖြင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သစ်များအား ဆွေးနွေးညှိနှိုင်းမှုတွင် အောင်မြင်ခဲ့သည်။ တပ်မတော်နှင့် တက်ကြွစွာ လှုပ်ရှားနေသည့် လက်နက်ကိုင်အုပ်စု အနည်းဆုံး (၁၇) ဖွဲ့တို့ကြားတွင် သုံးနှစ်ကြာအောင် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA) ဟု အများသိကြသည့် အဖွဲ့ပေါင်းစုံ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အရေးပါသည့်အချက်မှာ NCA သည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင် နိုင်ငံရေးဆွေးနွေးပွဲကို ဆောင်ကျဉ်းပေးခြင်းပင်ဖြစ်သည်။

NCA သည် လက်နက်ကိုင်အဖွဲ့အစည်း (၈) ခုမှ လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ပေါင်းစုံပါဝင်သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုဖြစ်ပြီး နိုင်ငံအတွင်း သက်တမ်းအရင့်ဆုံးသော တိုင်းရင်းသား လက်နက်ကိုင်ဆန့်ကျင်သောအုပ်စုဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ပါဝင်သည်။ သို့သော် အစိုးရနှင့် နှစ်ဘက်သဘောတူ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသည့် အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၇) ဖွဲ့မှာမူ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရှိသည့်အပြင် တပ်မတော်နှင့် လက်ရှိပဋိပက္ခများတွင် ပါဝင်နေသည့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၄) ဖွဲ့မှာမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိပေ။ ယင်းအဖွဲ့များတွင် မကြာသေးမီကမှ ဖွဲ့စည်းခဲ့သည့် ရခိုင်တပ် (AA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) အပြင် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် ကချင်လွတ်မြောက်ရေးတပ် (KIA) တို့ ပါဝင်သည်။ KIA သည် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်ခံခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်မှ ပျက်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် NCA မူကြမ်းရေးဆွဲရေး၏ အစောပိုင်းအဆင့်များတွင် ပါဝင်ခဲ့သော်လည်း NCA လက်မှတ်ရေးထိုးသည့် အဖွဲ့တစ်ဖွဲ့တော့ ဖြစ်မလာခဲ့ပေ။

၂၀၁၀ ရွေးကောက်ပွဲအကြိုကာလတွင် နအဖ အစိုးရမှ အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းလဲရန် ပြုလုပ်ခဲ့သည့်အဆင့်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များအတွက် အရပ်သားများကို ပိုမိုလေ့ကျင့်သင်တန်းပေးခြင်းတို့သည် အရေးပါသော သက်ရောက်မှုများစွာကို ဖြစ်စေသည်။ သက်ရောက်မှုတစ်ခုမှာ ပြည်သူ့စစ်များဖွဲ့စည်းလာခြင်းသည် အချို့သောနယ်မြေများတွင် လက်နက်ကိုင်တပ်များ ပိုမိုများပြားလာခြင်းကို ဖြစ်စေသည်။ အခြားသော သက်ရောက်မှုတစ်ခုမှာ SSPP/SSA နှင့် MNDAA တို့မှ တပ်ရင်းများကို အစိုးရမဟာမိတ် ပြည်သူ့စစ်များအဖြစ်သို့ အသွင်ပြောင်းစေခြင်းသည် ၎င်းတို့ကို စစ်ရေးအရ အားနည်းသွားစေသည်။ နယ်ခြားစောင့်တပ်အချို့နှင့် အသစ်ဖွဲ့စည်းလိုက်သည့် ပြည်သူ့စစ်များသည် တပ်မတော်က တိုက်ရိုက်ကွပ်ကဲအုပ်ချုပ်မှုမရှိသည့် နယ်မြေများကို လွှမ်းမိုးနိုင်ရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် သွယ်ဝိုက်ဖိအားပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်၏ တစ်ဆင့်ခံ အင်အားများအဖြစ် ထမ်းရွက်ခဲ့ကြသည်။ နိုင်ငံရေးရှုဒေါင့်မှကြည့်ပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့စစ်အဆင့်အတန်းကို ညှိနှိုင်းဆွေးနွေးခြင်းသည် တပ်မတော်အတွင်းသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပေါင်းစည်းရန် ပြည်သူ့စစ်စနစ်၏ လုပ်ငန်းဆောင်တာများအား တိုးချဲ့ခြင်းကို ကိုယ်စားပြုသည်။ သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အတော်များများက ပူးပေါင်းပါဝင်ရန် စိတ်ဆန္ဒမရှိကြပေ။ ပြည်သူ့စစ်ကိစ္စရပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပြည်သူ့စစ်အဖြစ် အသွင်ကူးပြောင်းခြင်း အလားအလာတို့သည် နိုင်ငံရေးအရ အငြင်းပွားဖွယ် ဖြစ်နေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏အနာဂတ်တွင် ပြည်သူ့စစ်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုနှင့် အားလုံးက သဘောတူညီမှု မရှိကြခြင်းကြောင့်ဖြစ်သည်။

## သုံး။ ။ ပြည်သူ့စစ်များကို အမျိုးအစားခွဲခြားခြင်းစနစ်

ဤစနစ်က အဓိကဖြတ်သည့် အဓိကလက္ခဏာမှာ ပြည်သူ့စစ်၏ အဆင့်အတန်းပင်ဖြစ်သည်။ "အဆင့်အတန်း" ဟုခေါ်ရာ၌ ပြည်သူ့စစ်အဖွဲ့တို့သည် တပ်မတော်နှင့် မဟာမိတ်ဖြစ်သလား (သို့) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မဟာမိတ်ဖြစ်သလား ဆိုသည့်အချက်နှင့် တပ်မတော်နှင့် မဟာမိတ် ပြည်သူ့စစ်အဖွဲ့များ၏ တပ်မတော်တွင် ပေါင်းစည်းထားပုံတို့ကို ရည်ညွှန်းပါသည်။ ပြည်သူ့စစ်အဖွဲ့များကို ခွဲထုတ်၍ အမျိုးအစားလေးမျိုး ခွဲခြားသတ်မှတ်နိုင်သည်။ ဤအမျိုးအစားခွဲသည့် မူဘောင်သည် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အကြောင်းအရာအပေါ် သင့်တော်သည့် ဆက်စပ်စဉ်းစားမှုမရှိပါက ပြည်သူ့စစ်တပ်ဖွဲ့များ၏ အရေအတွက်အတွက် စုစုပေါင်းခန့်မှန်းရာတွင် တပ်မတော်မှ လေ့ကျင့်သင်တန်းပေးမှု အနည်းငယ်သာပြုလုပ်၍ စုဆောင်းထားသော အရပ်သား (၅) ဦးသာ ရှိသည့် ပြည်သူ့စစ်အဖွဲ့နှင့် ယခင်က အစိုးရနှင့် ပဋိပက္ခများတွင် ပါဝင်ခဲ့ပြီးနောက် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ တပ်သားဟောင်းရာပေါင်းများစွာတို့ကို လက်နက်ကောင်းကောင်းတပ်ဆင်ပေးထားသည့် ပြည်သူ့စစ်များကို အလွယ်တကူ ပေါင်းပစ်လိုက်နိုင်မှုကို စိုးရိမ်ရသည်။

### ၃.၁။ အမျိုးအစား ၁ - တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်များ

နယ်ခြားစောင့်တပ်များဟု တရားဝင်သိထားကြသည့် တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်၏ အမိန့်ပေးမှုအောက်တွင် လှုပ်ရှားကြ၍ တပ်မတော်၏ တရားဝင်အမိန့်ပေးဖွဲ့စည်းပုံအတွင်းသို့ ပေါင်းစည်းထည့်သွင်းထားခြင်းဖြစ်သည်။ တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်အဖွဲ့များသည် လုံခြုံရေးကို ထိန်းသိမ်းမှုတွင် တပ်မတော်အားကူညီပေးရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးစီမံချက်၏ တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်သည်။ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများမှာ ၎င်းတို့နယ်မြေအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများကို သတင်းပေးခြင်းမှသည် ဒေသမြေပြင်အနေအထားကို လမ်းညွှန်ပေးမည့် လမ်းပြအဖြစ်သာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်သည့် စစ်ဆင်ရေးများတွင် ပါဝင်ခြင်းမျိုးအထိ ဖြစ်သည်။

လက်ရှိတွင် နယ်ခြားစောင့်တပ်ရင်း (၂၃) ခုရှိသည်။ တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်တို့၏ အဓိကသွင်ပြင်လက္ခဏာများမှာ အောက်ပါအတိုင်းပင်ဖြစ်သည် - တပ်ရင်းများသည် တပ်မတော်၏ တရားဝင်အမိန့်ပေးစနစ်ဖွဲ့စည်းပုံတွင်ထည့်သွင်းပေါင်းစည်းထားသည်။ တပ်မတော်သည် သတ်မှတ်သည့် ယူနီဖောင်းများကို ထုတ်ပေးမည်ဖြစ်ပြီး ဘဏ္ဍာရေးနှင့် ပစ္စည်းများကို တိုက်ရိုက်ထောက်ပံ့ပေးမည်ဖြစ်သည်။ တပ်ရင်းများတွင် တပ်မတော်သားများသည် ၎င်းတို့၏တပ်မတော်ထဲမှအဆင့်အတိုင်း ပါဝင်ရမည်။ တပ်ရင်းတစ်ခုချင်းစီသည် တပ်မတော်မှ လက်နက်နှင့် ထောက်ပံ့မှုများကို ရရှိမည်ဖြစ်သည်။ နယ်ခြားစောင့်တပ်များသည် နိုင်ငံတကာနယ်စပ်နှင့် နီးကပ်သော မြို့နယ်များတွင် တည်ရှိပါသည်။ နယ်စပ်ဒေသတွင်ရှိနေရန်မှု မလိုအပ်ပေ။ နယ်ခြားစောင့်တပ်များသည် ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့တွင် လှုပ်ရှားနေကြပါသည်။ နယ်ခြားစောင့်တပ်များ လှုပ်ရှားဆောင်ရွက်နေသည့် နယ်မြေများသည် ၎င်းတို့နယ်ခြားစောင့်တပ်များ ဖြစ်မလာမီက လွှမ်းမိုးထားသည့်နယ်မြေများနှင့် အကြမ်းအားဖြင့် ထပ်တူညီကြပာ ယေဘုယျဆိုနိုင်သည်။ ၎င်းတို့၏ လွတ်လပ်စွာလှုပ်ရှားနိုင်မှုနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များမှာမူ ရှင်းရှင်းလင်းလင်းမရှိပေ။ သို့သော် နယ်ခြားစောင့်တပ်များသည် တပ်မတော်တပ်ရင်းများထက်ပို၍ တင်းကြပ်မည့်ပုံရှိသည်။ ဥပမာအားဖြင့် နယ်ခြားစောင့်တပ်များသည် အခြားသောပြည်နယ်များသို့ နေရာချထားခြင်း မပြုလုပ်နိုင်ပါ။

နယ်ခြားစောင့်တပ်များ၏ ထင်ရှားသောလက္ခဏာတစ်ခုမှာ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် ပါဝင်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ယခင်ကပြည်သူ့စစ်အဖွဲ့များ၏ ဖွဲ့စည်းပုံတွင် တပ်မတော်သားများ ပါဝင်လာခြင်းဖြစ်သည်။ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး လမ်းညွှန်ချက်တွင် တပ်မတော်မှ စစ်သား (၃၀) ထည့်သွင်းရန်လိုအပ်ပြီး (၃) ဦးမှာ အရာရှိအဆင့် ဖြစ်ရမည် ဖြစ်သည်။

တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်အဖွဲ့များအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို တပ်မတော်မှရရှိပြီး ၎င်းတို့၏ကိုယ်ပိုင်ဝင်ငွေရှာဖွေသည့် လုပ်ဆောင်မှုများလည်း ရှိသည်။ အစိုးရသည် နယ်ခြားစောင့်အဖွဲ့ဝင်များကို တပ်မတော်သားများရရှိနေသည့် လစာ၊ ရိက္ခာ၊ တပ်မတော်ယူနီဖောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုကဲ့သို့ပင် တူညီသောအကျိုးခံစားခွင့်များ ပေးပါသည်။ ထို့ပြင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများသည် ကား၊ ရထားနှင့် လေယာဉ်ပျံတို့ဖြင့် ခရီးသွားရာတွင် ဈေးနှုန်းလျှော့ပေးရခြင်းကဲ့သို့ အခြားသော အကျိုးခံစားခွင့်များလည်း ရသည်ဟု ဆိုပါသည်။

နယ်ခြားစောင့်တပ်များ၏ စီးပွားရေးလုပ်ဆောင်မှုများမှာ အမျိုးမျိုးကွဲပြားပါသည်။ နယ်ခြားစောင့်တပ်များ၏ အဖွဲ့ဝင်များသည် ရပ်ရွာတွင်းနေထိုင်နေသူများနှင့် စီးပွားရေးလုပ်ငန်းများမှ အခွန်အခများကောက်ခံကြပြီး စက်မှုစိုက်ပျိုးရေးစီမံကိန်းများ၊ အိမ်ခြံမြေလုပ်ငန်း၊ မိုင်းတူးဖော်ခြင်းလုပ်ငန်း၊ သစ်ခုတ်ခြင်းနှင့် အခြားသောလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများလည်း လုပ်ဆောင်ကြသည်။ အချို့သောကိစ္စရပ်များတွင် နယ်ခြားစောင့်တပ်မှ အဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းလုပ်ငန်းတို့တွင် ပါဝင်ကြသည်ဟု သတင်းများက ဆိုပါသည်။

### ၃.၂။ အမျိုးအစား ၂ - တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်များ

တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များသည် အရွယ်အစား၊ အင်အား၊ အမိန့်ပေးပုံ အဆင့်ဆင့် တည်ဆောက်ပုံ၊ သမိုင်းကြောင်းနှင့် ဝင်ငွေရရှိမှုရင်းမြစ်တို့တွင် အမျိုးမျိုးကွဲပြားခြားနားကြသည်။ ထိုသို့သော ကွဲပြားခြားနားမှုများရှိသော်လည်း အဆိုပါ

ပြည်သူ့စစ်အဖွဲ့အားလုံးသည် တပ်မတော်၏ အမိန့်ပေးမှုအောက်တွင် ရှိသော်လည်း နယ်ခြားစောင့်တပ်များကဲ့သို့ တပ်မတော်တွင် အပြည့်အဝ ပေါင်းစည်းထားမှုတော့မရှိပေ။ အချို့မှာ ကနဦးပိုင်းက တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်ခဲ့ကြသည်။ ထိုအုပ်စုများသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နဝတ/နအဖ)လက်ထက်တွင် တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီးမှ ပြည်သူ့စစ်ဖြစ်လာသူများဖြစ်သည်။ အခြားသော တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များမှာ ကနဦးပိုင်းက ဒေသခံ ခေါင်းဆောင်များမှ ကိုယ့်ရပ်ရွာကာကွယ်မှုအတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်ကျမှသာ တပ်မတော်မှစီစဉ်သည့် အမျိုးမျိုးသော ပြည်သူ့စစ်အစီအစဉ်များစွာထဲမှ တစ်ခု (သို့) တစ်ခုထက်ပိုသည့် အစီအစဉ်များတွင် ပါဝင်လာခဲ့ကြခြင်းဖြစ်သည်။ အနည်းငယ်သော ပြည်သူ့စစ်အဖွဲ့များသည် ၁၉၅၀ ခုနှစ်များကပင် စတင်ခဲ့သည်ကို ခြေရာကောက်နိုင်သည်။ အပစ်အခတ်ရပ်စဲထားမှုမရှိသည့် တပ်မတော်တွင် ပေါင်းစည်းမထားသော အခြားပြည်သူ့စစ်အဖွဲ့ အများစုမှာမူ နောက်ပိုင်းတွင်မှ တည်ထောင်လာခဲ့ကြခြင်းဖြစ်သည်။

တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့်ပြည်သူ့စစ်အဖွဲ့များတွင် တပ်မတော်မှစစ်သားများ ပါဝင်ခြင်းမရှိသည့်အပြင် ရာထူးအလိုက် ယူနီဖောင်းအဆင့်သတ်မှတ်ချက် မရှိပေ။ ထို့ပြင် နယ်ခြားစောင့်တပ်များကဲ့သို့ စစ်သားအရေအတွက် သတ်မှတ်ထားခြင်းမျိုးမရှိပါ။ ၎င်းတို့သည် တပ်မတော်မှပြုလုပ်သည့် လေ့ကျင့်ရေးအစီအစဉ်များကို တက်ရောက်ရန်မလိုသည့်အပြင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေရန်လည်း မလိုပေ။ နောက်ဆုံးဆိုရလျှင် ၎င်းတို့သည် တပ်မတော်မှ လုပ်ခလစာလည်း လက်ခံရရှိခြင်းမျိုး မရှိပါ။ ဤလက္ခဏာများမှာ ၎င်းတို့နှင့် တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်အဖွဲ့များ (အမျိုးအစား ၁) ကို ကွဲပြားစေသည့် လက္ခဏာများဖြစ်သည်။

နယ်ခြားစောင့်တပ်များကဲ့သို့ပင် တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်တာဝန်ရှိသူများမှ ၎င်းတို့အား အစိုးရပြည်သူ့စစ်များအဖြစ် အသိအမှတ်ပြုသည့် အသွင်ပြောင်းရေးအခမ်းအနားများတွင် ပါဝင်လာကြပြီဖြစ်သည်။ ယင်းပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်အတွက် လုံခြုံရေးနှင့်ဆိုင်သော အခန်းကဏ္ဍတွင် ကူညီဆောင်ရွက်ပေးနေသည်။ ၎င်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကဲ့သို့သော ပြည်တွင်းငြိမ်းခြောက်မှုများမှ ၎င်းတို့ရပ်ရွာလူထုကို ကာကွယ်ရာတွင် ကူညီရေး ပါဝင်သည်။ ထို့ပြင် ၎င်းတို့၏ ကူညီမှု အတိုင်းအတာနှင့် ကူညီပုံ အမျိုးအစားမှာလည်း ကွဲပြားခြားနားကြ၍ မြေပြင်ရှိ လုံခြုံရေးအခြေအနေကိုလည်း ထင်ဟပ်ပါသည်။ အချို့သော ပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်၏ စစ်ဆင်ရေးများတွင် ပံ့ပိုးကူညီပေးကြ၍ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA)၊ ကချင်လွတ်မြောက်ရေးတပ် (KIA) နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA) ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခအသွင် ဆောင်လျက်ရှိသည်။

တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များ၏ ဩဇာလွှမ်းမိုးမှုသည် သိသာစွာပင် ကွဲပြားပါသည်။ အများစုမှာ အင်အားတစ်ရာထက် ပို၍နည်းကြပြီး အချို့မှာမူ တပ်သားရာချီ၍ ရှိကြကာ (သို့) တစ်ခါတစ်ရံတွင် ဆယ်ဦးထက်ပင် နည်းပါသည်။ တပ်ရင်းတစ်ခုရှိ တပ်သားအရေအတွက်သည် တပ်မတော်မှ ထုတ်ပေးလိုက်သည့် လက်နက်အရေအတွက်ထက် ပိုမိုများပြားနေနိုင်သည်။

တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်အဖွဲ့များ၏ အဖွဲ့ဝင်များတွင် အနီးအနားမှ ဗမာမဟုတ်သည့် တိုင်းရင်းသားများစွာ ပါဝင်ပြီး ၎င်းတို့သည် ဇာတိနယ်မြေအနီးတွင်ပင် လှုပ်ရှားကြသည်။ အဆိုပါပြည်သူ့စစ်အဖွဲ့များအတွက် လှုပ်ရှားရန် သတ်မှတ်ဇုန်များမှာ ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ပါဝင်သည့် နယ်မြေများနှင့် အကြမ်းဖျဉ်းအားဖြင့် အတူတူဖြစ်ပြီး အချို့သော ပြည်သူ့စစ်အဖွဲ့များကို ၎င်းတို့လှုပ်ရှားနေသည့် နယ်မြေပြင်ပတွင် ကင်းလှည့်ရန်နှင့် လက်နက်ကြီးများကိုအသုံးပြုရန် ခွင့်ပြုထားခြင်း မရှိပေ။ သို့ရာတွင် ယင်းပြည်သူ့စစ်အဖွဲ့များ၏ အဖွဲ့ဝင်များသည် ၎င်းတို့ပုံမှန်လှုပ်ရှားနေသည့် နယ်မြေပြင်ပမှ တပ်မတော်၏ စစ်ဆင်ရေးများကို ပံ့ပိုးကြသည်။ ၎င်းတို့၏ ကူညီမှုတွင် တပ်မတော်မှ တပ်ဖွဲ့များအတွက် လမ်းရှာရန် ခက်ခဲပြီး တောင်ထူထပ်သည့် နယ်မြေများတွင် လမ်းပြအဖြစ်ဆောင်ရွက်ပေးခြင်း ပါဝင်သည်။

တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ်များ၏ အခြားသော သွင်ပြင်လက္ခဏာများကဲ့သို့ပင် ၎င်းတို့ကိုယ်၎င်းတို့ ထောက်ပံ့ပေးပုံမှာလည်း ကွဲပြားကြသည်။ အများစုမှာ ဝင်ငွေရရှိရန်အတွက် အခွန်ကောက်ခံခြင်းပုံစံအချို့အပေါ် မှီခိုနေရသည်။ အနည်းငယ်မှာမူ လုပ်ငန်းများဆောင်ရွက်ကြ၍ အစိုးရထံမှ စီးပွားရေးဆိုင်ရာ ခွင့်ပြုချက်များ ရရှိကြသည်။ ပြည်သူ့စစ်ခေါင်းဆောင်များမှာ ဝင်ငွေရရှိရန်အတွက် ၎င်းတို့ကိုယ်ပိုင်စီးပွားရေးကို လုပ်ပိုင်ခွင့်ရှိကြပြီး အများစုမှာမူ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများနှင့် အဆက်အသွယ်ရှိကြသည်။ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်၊ သတ္တုတွင်းတူးဖော်ခြင်း၊ စိုက်ပျိုးမြေနှင့် ကျောက်စိမ်းတို့အတွက် သယံဇာတခွင့်ပြုချက်များနှင့် မူးယစ်ဆေးဝါးကဲ့သို့ တရားမဝင်သည့်လုပ်ငန်းများတွင် ပါဝင်မှုတို့ဖြစ်ပါသည်။

## ၃.၃။ အမျိုးအစား ၃ - တပ်မတော်က ထောက်ပံ့ပေးထားသော ရပ်ရွာအခြေပြု ပြည်သူ့စစ်များ

တပ်မတော်ကထောက်ပံ့ပေးထားသော ရပ်ရွာအခြေပြုပြည်သူ့စစ်များကို ရပ်ရွာအတွင်းမှ လူသစ်စုဆောင်းကာ တပ်မတော်က သင်တန်းပေး၍ လက်နက်တပ်ဆင်ပေးပါသည်။ ဒေသခံ တပ်မတော်တပ်ရင်းများက ၎င်းတို့၏လှုပ်ရှားမှုများကို ကြီးကြပ်ညှိနှိုင်းပေးပါသည်။ ဒေသခံ တပ်မတော်တပ်ရင်းများ၏ တိုက်ရိုက်ညွှန်ကြားမှုအောက်မှ ရပ်ရွာအခြေပြု ပြည်သူ့စစ်အဖွဲ့များကို အသုံးပြုခြင်းသည် ၁၉၆၀ ပြည့်နှစ်များ နောက်ပိုင်းကတည်းက စတင်ခဲ့သော အလေ့အထဖြစ်သည်။ လိုအပ်သည့်အချိန်တွင် တပ်မတော်က ပြည်တွင်းပြည်ပရန်များကို

နိမ်နင်းရန် ထိုပြည်သူ့စစ်အမျိုးအစားအား ပါဝင်စေနိုင်ပါသည်။

အဆိုပါပြည်သူ့စစ်များကို စည်းရုံးဖွဲ့စည်းရာတွင် တပ်မတော်၏ အခန်းကဏ္ဍသည် တပ်မတော်တွင် ပေါင်းစည်းထားသည့် ပြည်သူ့စစ်နှင့် တပ်မတော်တွင် ပေါင်းစည်းထားခြင်းမရှိသည့် ပြည်သူ့စစ် (အမျိုးအစား ၁ နှင့် အမျိုးအစား ၂) တို့မှ ကွဲပြားစေသည့် လက္ခဏာများထဲမှ တစ်ခုဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ကျေးရွာလူကြီးသည် တပ်မတော်ကပေးသော ပြည်သူ့စစ်သင်တန်းကို တက်ရောက်ရန် ရပ်ရွာတွင် နေထိုင်သူများထဲမှ ရွေးချယ်ရသည်။ ပြည်သူ့စစ်အမျိုးအစား ၁ နှင့် ၂ တို့တွင် ၎င်းတို့နှင့် မတူသောအချက်မှာ ထိုအမျိုးအစားနှစ်ခုသည် တပ်မတော်၏ အမိန့်ပေးစနစ်အောက်တွင် ရောက်ရှိသည်အချိန်၌ အဖွဲ့မှာ ဖွဲ့စည်းပြီးဖြစ်သည်။ နောက်ထပ်မတူသောအချက်မှာ ဤအုပ်စုများသည် အခြားသော ပြည်သူ့စစ်အမျိုးအစားများထက် သေးငယ်လေ့ရှိခြင်းဖြစ်သည်။

တပ်မတော်က ထောက်ပံ့ပေးထားသော ရပ်ရွာအခြေပြုပြည်သူ့စစ်များသည် ကျေးရွာများအပါအဝင် မြို့များတွင်လည်း လှုပ်ရှားကြသည်။ စည်ပင်သာယာနယ်မြေများတွင်မူ ရဲ သို့မဟုတ် တပ်မတော်မရှိခြင်း သို့မဟုတ် အကန့်အသတ်နှင့်သာရှိသော နေရာများ၌ ၎င်းတို့ တာဝန်ထမ်းဆောင်နိုင်သည်။ အခြားဖြစ်စဉ်များတွင် သူတို့သည် ရဲများနှင့် ဒေသဆိုင်ရာအုပ်ချုပ်မှုများကဲ့သို့သော ဒေသခံ အရပ်သားတာဝန်ရှိသူများနှင့် အတူအလုပ်လုပ်ကြသည်။ ၎င်းတို့၏တာဝန်ဝတ္တရားများသည် ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ပြောင်းလဲနေပြီး လူစိမ်းများ၏ သံသယဖြစ်ဖွယ်လှုပ်ရှားမှုများအား စောင့်ကြည့်နေရန်အတွက် ကင်းစောင့်အဖြစ် ထမ်းဆောင်ရန်နှင့် ဒေသဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများထံ ဖိုင်တွဲများဖြင့် အစီရင်ခံစာများတင်ရန် ကိစ္စရပ်များ ပါဝင်နိုင်သည်။ အချို့ကျေးရွာများတွင် တပ်မတော် (သို့မဟုတ်) မြန်မာရဲတပ်ဖွဲ့အင်အားများမှာ ပြောပလောက်ဖွယ်မရှိခြင်း သို့မဟုတ် လုံးဝမရှိပါက အဆိုပါပြည်သူ့စစ်တပ်အဖွဲ့များသည် ပို၍ကြီးမားသော လုံခြုံရေးတာဝန်များ ရှိနိုင်သည်။

တပ်မတော်က ထောက်ပံ့ပေးထားသော ရပ်ရွာအခြေပြုပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့၏ အင်အားသည် အနည်းဆုံး အောက်ပါအချက်နှစ်ချက်ကို ထင်ဟပ်စေသည်။ ပထမတစ်ချက်သည် သူတို့ရပ်ရွာလူထု၏ အရွယ်အစားဖြစ်သည်။ ဆိုလိုသည်မှာ အချို့ဒေသများတွင် လူဦးရေအပေါ်မူတည်ပြီး တာဝန်ရှိသော အဖွဲ့ဝင်ပြည်သူ့စစ်ဦးရေ ငါးယောက်နှင့် တစ်ခါတစ်ရံတွင် ငါးယောက်ထက်ပို၍ ရှိနိုင်သည်။ ဒုတိယအချက်အနေဖြင့် နယ်မြေတွင် လုံခြုံရေးနှင့်ဆိုင်သော ခြိမ်းခြောက်မှုများ ရှိမရှိကိုလည်းထင်ဟပ်သည်။ ကယားပြည်နယ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၏ အကြီးတန်းအရာရှိတစ်ဦးက ရှင်းပြရာတွင် "ပြည်သူ့စစ်တွေဟာ အရပ်သားတွေဖြစ်တယ်။ လိုအပ်တဲ့အချိန်မှာ သူတို့ကို ယူနီဖောင်းဝတ်ပေးပြီး စစ်တပ်က သေနတ်တွေပေးတယ်" ဟု ဆိုပါသည်။ ဒေသခံတပ်မတော်တပ်ရင်းများသည် အဆိုပါပြည်သူ့စစ်များကို လက်နက်များထုတ်ပေးသည်။ သို့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့ဝင်များမရှိသော ဒေသများတွင် ပြည့်သူ့စစ်များကို လက်နက်များ တပ်ဆင်ပေးမထားပေ။

မြန်မာနိုင်ငံတွင်ရှိသော အခြားသောလက်နက်ကိုင်အုပ်စုများကဲ့သို့ပင် ပုံစံတကျဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် ကောက်ခံသော အခွန်အကောက်များက ထိုပြည်သူ့စစ်များကို ထောက်ပံ့ပေးနေပါသည်။

## ၃.၄။ အမျိုးအစား ၄ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့စစ်များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့စစ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အထောက်အပံ့ပြုသည်။ ၎င်းတို့၏ အခန်းကဏ္ဍများတွင် သူတို့၏ ရပ်ရွာလူထုကို တပ်မတော်၊ အစိုးရပြည်သူ့စစ်များ (သို့မဟုတ်) အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ရန်မှ ကာကွယ်ရန်ဖြစ်သည်။ သို့သော် အဆိုပါပြည်သူ့စစ်အဖွဲ့များတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏စစ်ဆင်ရေးများတွင် ကူညီရာ၌ ပါဝင်ရန် အရန်အင်အားများ ရှိပါသည်။ ၎င်းတို့၏ အဖွဲ့ဝင်များတွင် အရပ်သားများနှင့် အငြိမ်းစားစစ်သားများ ပါဝင်သည်။

လွန်ခဲ့သော ခြောက်ဆယ့်ငါးနှစ်ကျော်လောက်ကတည်းက မြန်မာနိုင်ငံ၌ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အရေအတွက်များစွာ လှုပ်ရှားနေခြင်းသည် ဤပြည်သူ့စစ်အမျိုးအစား၏ လက္ခဏာများကို သတ်မှတ်ရာတွင် ရှုပ်ထွေးစေသည်။ လက်နက်ကိုင်အုပ်စုများစွာ ရှိရုံသာမက ဒေသဆိုင်ရာလိုအပ်ချက်များနှင့် ၎င်းတို့၏ မတူခြားနားသော စွမ်းဆောင်ရည်အပေါ် အခြေခံ၍ မတူသည့် ပြည်သူ့စစ်အစီအစဉ်များလည်း ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲတွင် အရင်းအမြစ်များစွာရှိပြီး ပိုမိုကြီးမားသော နယ်မြေကို ထိန်းချုပ်ထားနိုင်သော အဖွဲ့များတွင် ပြည်သူ့စစ်များ ရှိကြသည်။ အရင်းအမြစ်မရှိခြင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ငယ်များစွာကိုပြည်သူ့စစ်အဖွဲ့ဝင်များကိုလက်တွေ့အသုံးချနိုင်ရေးအတွက် လိုအပ်သောလက်နက်များ တပ်ဆင်ပေးနိုင်ရန် အကန့်အသတ်ပင်ဖြစ်သည်။

ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO) သည် ၁၉၄၇ ခုနှစ်ကတည်းက စတင်ခဲ့သော မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ ပြည်သူ့စစ်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ၎င်းသည် KNU ၏ စစ်လက်ရုံးဖြစ်သော KNLA နှင့်အတူ လှုပ်ရှားလျက်ရှိသည်။ သူတို့သည် KNU ထိန်းချုပ်နယ်မြေရှိ ပြည်သူ့စစ်အုပ်စုနှစ်စုအနက်မှ တစ်ဖွဲ့ဖြစ်ပြီး KNU ကာကွယ်ရေးဌာန၏ ကွပ်ကဲမှုအောက်တွင် လှုပ်ရှားနေပါသည်။ ကရင်လူ့အခွင့်အရေးအုပ်စု

[၃] Karen Human Rights Group, "Papun Interview: Saw T---, December 2011," July 16, 2012.

[၄] Shan Herald Agency for News, Shan Drug Watch (Chiang Mai: 2010), 15.

[၅] Min Zaw Oo. Understanding Myanmar's Peace Process: Ceasefire Agreements (Yangon: Swisspeace, 2014), 33.

က KNDO အား “ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) မှ လေ့ကျင့်ပေးပြီး လက်နက်တပ်ဆင်ပေးထားသည့် ဒေသခံ စေတနာ့ ဝန်ထမ်းများ၏ ပြည်သူ့စစ်အဖွဲ့ဖြစ်ပြီး KNLA ၏ တပ်ရင်းနှင့် အမိန့်ပေး မှုဖွဲ့စည်းပုံတွင် ထည့်သွင်းထားသည်။ အဖွဲ့ဝင်များသည် ယူနီဖောင်း ဝတ်ဆင်ရပြီး နှစ်နှစ် တာဝန်ထမ်းဆောင်ရန် ကတိပြုရသည်။” ဟု ဖော်ပြထားပါသည်။[၃] KNDO တွင် ဌာနချုပ်နှင့် တပ်ရင်း (၇) ခုရှိ၍ တပ်ရင်းတစ်ခုစီသည် KNLA ၏ တပ်မဟာနယ်မြေ ၇ ခုတွင် တာဝန်ယူ ရသည်။ တပ်ရင်းတစ်ခုချင်းစီတွင် လေ့ကျင့်ပေးထားသည့် တပ်သား ခန့်မှန်းခြေ ၁၃၀မှ ၁၅၀ ကြားတွင်ရှိသည်။

## ၃.၅။ ပြည်သူ့စစ်အဖွဲ့ မည်မျှရှိသနည်း။

ပြည်သူ့စစ်များ၏ အင်အားနှင့် အရေအတွက်ကို ရနိုင်သမျှ ခန့်မှန်းခြင်း များသည် တရားမဝင်လှဘဲ ခန့်မှန်းချက်များမှာလည်း သိသာစွာပင် ကွဲပြားခြားနားနေပါသည်။ ၂၀၁၀ ခုနှစ်တွင် ထိုစဉ်က ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးဖြစ်သည့် ဗိုလ်ချုပ်မောင်မောင်အုန်းက ပြည်သူ့စစ်များ၏ အင်အားစုစုပေါင်း ရှစ်သောင်းကျော်ရှိနေသည်ဟု ခန့်မှန်းခဲ့ကြောင်း သတင်းများက ဆိုပါ သည်။ အစီရင်ခံစာတွင် သုံးသောင်းကျော်ကိုသာ လက်နက်တပ်ဆင် ပေးထားပါသည်ဟု ဖော်ပြထားသည်။ ရှမ်းသံတော်ဆင့် သတင်း အေဂျင်စီက ထုတ်ပြန်သော အစီရင်ခံစာတွင် ရှမ်းမြောက်ပိုင်းတစ်ခုထဲ၌ ပြည်သူ့စစ်အဖွဲ့ ၃၉၆ ဖွဲ့ရှိနေကြောင်း အစိုးရမှတ်တမ်းကို ကိုးကား၍ ဖော်ပြထားပြီး ပထမခန့်မှန်းထားသော အရေအတွက်ကို မှန်ကန် ကြောင်းပြဆိုထားပါသည်။ ၎င်းဒေသတွင်ရှိသော ပြည်သူ့စစ်များသည် ပင်မအင်အား ၈၃၆၅ ဦးရှိပြီး၊ အရန်အင်အား ၁၆၃၂၀ ဦးအထိ ရှိသည် ဟုဖော်ပြထားသည်။[၄] အမြင့်ဆုံးခန့်မှန်းချက်အနေဖြင့် ပြည်သူ့စစ်အုပ်စု ၅၀၁၂ အုပ်စုတွင် ပြည်သူ့စစ်အဖွဲ့ဝင် ၁၈၀၀၀၀ ကျော်ကျော်သည် တာဝန်ထမ်းဆောင်နေကြောင်း ဆိုထားပါသည်။[၅] ၂၀၀၈ နောက်ပိုင်း တွင် တပ်မတော်ခေါင်းဆောင်များသည် နိုင်ငံ၏ ကျေးရွာပေါင်း ၁၃၇၂၅ ရွာ တစ်ရွာစီတွင် ပြည်သူ့စစ်အဖွဲ့များကို တည်ထောင်ရန် စီစဉ်ကြောင်းကို မီဒီယာတစ်ခုက ဖော်ပြထားပါသည်။[၆]

အဆိုပါ တရားမဝင်ခန့်မှန်းချက်များကို သေချာစွာ ထည့်သွင်းစဉ်စားပါ က တွေ့ရှိရသည့်အချက်မှာ ၎င်းတို့က “ပြည်သူ့စစ်” ဆိုသည်ကို တိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုမထားကြောင်း တွေ့ရသည်။ နယ်မြေအတော် များများတွင် ပြည်သူ့စစ်များသည် အင်အားနည်းရုံသာမက လှုပ်ရှားမှု လည်းမရှိသည့် အဖွဲ့များရှိပါသည်။ အဆိုပါခန့်မှန်းတွက်ချက်မှုများတွင် တပ်မတော်က စစ်သင်တန်းပေးမှုကို ရရှိထားပြီး လှုပ်ရှားမှုလည်းမရှိ သည့် အရပ်သားများကို ထည့်သွင်းတွက်ချက်ထားသလားဆိုသည် မှာလည်း ရှင်းလင်းမှုမရှိပါ။ မည်သို့ပင်ဆိုစေ အစီရင်ခံစာများက ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်အဖွဲ့များကို ဆက်လက် အသုံးပြုနေပြီး ပြည်သူ့စစ်များသည်လည်း တပ်မတော်၏ အမျိုးသား ကာကွယ်ရေးအစီအစဉ်များတွင် ကဏ္ဍတစ်ခုမှ ပါဝင်နေကြောင်း ညွှန်ပြနေပါသည်။

[၆] Shan Herald Agency for News, “Junta to Issue More Weapons for Militia Units,” December 15, 2010.

## လေး။ ။ ပြည်သူ့စစ်များကို နားလည်ရန်အတွက် သော့ချက်ကျသည့် ထည့်သွင်းစဉ်းစားဖွယ်များ

### ၄.၁။ ပြည်သူ့စစ်များ မည်သို့ ရေရှည်ရပ်တည်သနည်း။

တပ်မတော်၏ ပြည်သူ့စစ်အစီအစဉ်များနှင့် ပတ်သက်ပြီး သိသာထင်ရှားသော သွင်ပြင်လက္ခဏာတစ်ခုမှာ ပြည်သူ့စစ်များသည် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ၎င်းတို့ကိုယ်တိုင် ငွေကြေးရှာဖွေကြရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် တပ်မတော်အနေဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ငွေကြေးထောက်ပံ့ရန် ကတိကဝတ် အနည်းဆုံးဖြင့် ပြည်သူ့စစ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနေရာချထားခဲ့သည်။ လက်ရှိအစီအစဉ်များအရလည်း ပြည်သူ့စစ်များကို အခွန်ကောက်ခံခြင်းနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများ ပါဝင်သည့် ဝင်ငွေရရှိမည့် လုပ်ငန်းများသာမက တရားမဝင်သော လုပ်ငန်းများကိုပါ ဆက်လက်ပါဝင်နေစေပါသည်။ နယ်ခြားစောင့်တပ်များသည် တပ်မတော်မှ တိုက်ရိုက်ထောက်ပံ့မှု ရရှိနေချိန်တွင် ၎င်းတို့၏ ခေါင်းဆောင်တစ်ချို့သည် ဝင်ငွေရရှိသည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေပါသည်။

အခွန်ကောက်ခံခြင်းသည် ပြည်သူ့စစ်များအတွက် ဝင်ငွေရရှိရန် အဆင်သင့်အဖြစ်ဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ အချို့သည် စစ်ဆေးရေးဂိတ်ကို ကျော်ဖြတ်လာသောလူများဆီမှ ဖြတ်သန်းမှုအတွက် ဝန်ဆောင်ခကို ကောက်ခံသည်။ နယ်စပ်ဒေသများမှ ပြည်သူ့စစ်အဖွဲ့များအတွက် နယ်စပ်ကုန်သွယ်မှုမှ အမြတ်ငွေများစွာ ရရှိစေသည်။ အခြားဖြစ်စဉ်များတွင် ပြည်သူ့စစ်များသည် အိမ်ထောင်စုများနှင့် လုပ်ငန်းရှင်များထံမှ အခွန်ကောက်ခံကြသည်။ တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်များကို ပုံမှန် စစ်ဆင်ရေးလုပ်နေသော နယ်မြေများတွင် လှုပ်ရှားနေသော ပြည်သူ့စစ်များသည် တပ်မတော်၏ လှုပ်ရှားမှု အကန့်အသတ်ရှိသော နယ်မြေများမှ ပြည်သူ့စစ်များထက် စီးပွားရေးလုပ်ငန်းများ၌ ပို၍ပါဝင်နိုင်သည်။ သို့သော် အချို့ကိစ္စများတွင် ဥပမာအားဖြင့် တပ်မတော်တွင် ပေါင်းစည်းထားသော ပြည်သူ့စစ်၏ နယ်ခြားစောင့်တပ်၌ တပ်မတော်က လစာနှင့်ပစ္စည်း အထောက်အပံ့များကဲ့သို့သော တိုက်ရိုက်အကူအညီများပေးသည်။ ထို့အတူ KNDO ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ ပြည်သူ့စစ်အဖွဲ့များသည်လည်း ၎င်းတို့၏ မိခင်အဖွဲ့အစည်းများဆီမှ အထောက်အပံ့များ ရကြသည်။

မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကြောင့်အချို့သောပြည်သူ့စစ်ခေါင်းဆောင်များ ကိုယ်တိုင်သည်လည်း ချမ်းသာကြွယ်ဝခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးသောဒေသများသည် အလွန်ပြင်းထန်သော ပဋိပက္ခအချို့ကို တွေ့ကြုံခဲ့ရပြီး ပြည်သူ့စစ်လှုပ်ရှားမှု၏ အမြင့်ဆုံးအဆင့်တွင် ရှိပါသည်။ အမှန်တကယ်ပင် အစိုးရမဟာမိတ် ပြည်သူ့စစ်အဖွဲ့များ လှုပ်ရှားနေသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ ဘိန်းထုတ်လုပ်ရာနယ်မြေများတွင် အချို့ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေကြသည်။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော သက်ရောက်မှုများရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် ပြည်သူ့စစ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များကို ဖန်တီးပေးသည်။ နယ်စပ်ကုန်သွယ်ရေးတိုးတက်မှုနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နယ်စပ်ကုန်သွယ်ရေး တိုးတက်လာခြင်းသည် ကုန်သွယ်သည့်လမ်းကြောင်းတစ်လျှောက်တွင် လှုပ်ရှားနေသည့် ပြည်သူ့စစ်အဖွဲ့များအတွက် အခွန်ကောက်ခံခြင်းမှ ဝင်ငွေတိုးစေသည်။ မကြာသေးမီက အစိုးရဦးဆောင်သော မြေအမျိုးအစားခွဲခြင်းဥပဒေသစ်များပါဝင်သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် ပြည်သူ့စစ်များနှင့် လုပ်ငန်းရှင်များကိုစိုက်ပျိုးရေးကဏ္ဍများတွင်စီးပွားရေးအရအလားအလာကောင်းများကို ဖန်တီးပေးသည်။

နိုင်ငံရေး၊ စီးပွားရေးဝန်းကျင်အခြေအနေများတွင် ပြောင်းလဲမှုများနှင့် အတူတွဲလျက် ပြည်သူ့စစ်များကြီးထွားလာမှုသည် ပြည်သူ့စစ်စီးပွားရေးလုပ်ငန်းများ၏ ပုံစံသစ်နှင့် ယခင်အလေ့အထများကို ဆက်လက်ဖြစ်ပေါ်စေခြင်းတို့ကို ဦးတည်စေပါသည်။ စီးပွားရေးကဏ္ဍတွင် ၎င်းတို့ဝင်လာမှုသည် ပြည်သူ့စစ်စနစ်ကို ပုံစံတူကူးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရန် ခွင့်ပြုစေသည်။ နောက်ဆုံးအနေဖြင့် ပြည်သူ့စစ်အဖွဲ့များအပေါ် ကြီးကြပ်ကွပ်ကဲမှု အကန့်အသတ်ရှိနေခြင်းကြောင့် ပြည်သူ့စစ်များသည် ကြီးနိုင်ငယ်ညှဉ်းနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများကို ဖန်တီးပေးသည်။

### ၄.၂။ ရပ်ရွာလူထုသည် ပြည်သူ့စစ်များနှင့် မည်သို့ အပြန်အလှန် ဆက်ဆံကြသနည်း။

ပြည်သူ့စစ်များသည် ဒေသခံအဖွဲ့များဖြစ်ပြီး ဒေသ၏ အခြေအနေများသည် ၎င်းတို့အား ရပ်ရွာလူထုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပုံဖော်ပေးသည်။ ဒေသ၏အခြေအနေများနှင့် ရပ်ရွာလူထု၏ အကျိုးစီးပွားများ ကွဲပြားခြားနားသည်နှင့်အမျှ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ ရပ်ရွာလူထုကြားအပြန်အလှန်ဆက်ဆံရေးပုံစံမှာပြည်သူ့စစ်တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားတွင် သိသာစွာ ကွဲပြားခြားနားမည်ဖြစ်သည်။ ထိုကွဲပြားခြားနားမှုများသည် အောက်ပါ မူသုံးရပ်ကွဲပြားမှုအရ ဖြစ်ပေါ်ရသည် - ၎င်းတို့မှာ ပြည်သူ့စစ်များ၏ လူသစ်စုဆောင်းခြင်း၊ အခွန်ကောက်ခြင်းနှင့် ပစ္စည်းဖြည့်တင်းခြင်းတို့ဖြစ်သည်။

ပြည်သူ့စစ်အဖွဲ့များ လူသစ်စုဆောင်းခြင်းသည် ပြည်သူ့စစ်နှင့် ရပ်ရွာလူထုအကြား အပြန်အလှန်ဆက်ဆံရေးတွင် အလွန်အရေးပါသည့် ပုံသဏ္ဍာန်တစ်ခုဖြစ်သည်။ ပြည်သူ့စစ်အဖွဲ့များ၏ စုဆောင်းခြင်း အလေ့အထသည် မိမိဆန္ဒအလျောက် စာရင်းပေးလာခြင်းမှသည် အဓမ္မဖြင့်ပါဝင်စေခြင်းအထိ ရှိပါသည်။ ရပ်ရွာလူထု၏ ပြည်သူ့စစ်အဖွဲ့များအပေါ် သဘောထားနှင့် လူသစ်စုဆောင်းခြင်း အလေ့အထများသည်လည်း အမျိုးမျိုးရှိပါသည်။ သာဓကအားဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်ရှိသော တာလောကြီးရပ်ရွာလူထုသည် လွန်ခဲ့သော နှစ်အနည်းငယ်က ပြန်လည်ဖြစ်ပွားသော တပ်မတော်နှင့် KIA ကြား တိုက်ပွဲများဖြစ်ပွားသည့် နယ်မြေတွင် နေထိုင်ကြသည်။ ၎င်းတို့သည်

KIA အပါအဝင် လက်နက်ကိုင်အဖွဲ့များ၏ အတင်းအကြပ် လူသစ်စုဆောင်းခြင်းနှင့် အခွန်ကောက်ခြင်းကိုခံကြရသည်။ ၂၀၁၃ ဖေဖော်ဝါရီလတွင် တပ်မတော်သည် တာလောကြီးတွင် တိုင်းလိုင်ရွာသား ၂၀၀ အတွက် ပြည်သူ့စစ်သင်တန်းပေးခဲ့သည်။ ရပ်ရွာပြည်သူ့စစ် ဖွဲ့စည်းခြင်းအတွက် တိုင်းလိုင်ရပ်ရွာလူထုက ထောက်ခံခြင်းသည် တပ်မတော်က ထောက်ပံ့သော ရပ်ရွာအခြေပြု ပြည်သူ့စစ်အဖွဲ့များကို ဗမာမဟုတ်သော ရပ်ရွာလူထုထံမှ ကျောထောက်နောက်ခံပြုမှု ရနိုင်သည်ဟု ညွှန်ပြနေခြင်းဖြစ်သည်။ အခြားဖြစ်ရပ်များတွင် ရပ်ရွာလူထုက ပြည်သူ့စစ်အဖြစ် တာဝန်ထမ်းဆောင်ရခြင်းအပေါ် မကျေနပ်မှုများကို ဖေါ်ထုတ်ကြသည်။

ပြည်သူ့စစ်-ရပ်ရွာလူထု ဆက်ဆံရေး၏ အခြားပုံသဏ္ဍာန်တစ်ခုမှာ အခွန်ကောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များ များပြားခြင်းကြောင့် ကျယ်ပြန့်စွာ သက်ရောက်မှုအရှိဆုံး တစ်ခုမှာ လက်နက်ကိုင်အုပ်စုများက အတင်းအကြပ် မျှတမှုမရှိစွာ ကျယ်ကျယ်ပြန့်ပြန့် အခွန်ကောက်ခြင်းဖြစ်သည်။ ဗမာမဟုတ်သောသူ အများစုနေထိုင်သည့်ဒေသများတွင် တပ်မတော်၊ ပြည်သူ့စစ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကဲ့သို့သော လက်နက်ကိုင်အဖွဲ့ပေါင်းစုံက အခွန်ကောက်ခံခြင်းသည် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းကို ပြင်းထန်စွာ ထိခိုက်နိုင်သည်။

အပြန်အလှန်ဆက်ဆံရေး၏ တတိယပုံသဏ္ဍာန်တွင် ရပ်ရွာလူထုအတွက် ပစ္စည်းများကို ပြည်သူ့စစ်များက ဖြည့်ဆည်းပေးခြင်း ပါဝင်သည်။ ပြည်သူ့စစ်များက ရပ်ရွာလူထုအတွက် အကာအကွယ်ပေးမှုနှင့် လုံခြုံရေးတို့ကို ပေးထားသော်လည်း ပြည်သူတို့အား ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်ခါအခွန်ကောက်ခြင်း (ဆန် ကဲ့သို့ ပစ္စည်း သို့မဟုတ် ငွေသား) များ လိုအပ်သည်။ သို့သော် အခွန်ပေးဆောင်နေရသူများသည် အကာအကွယ်ပေးရန် လိုအပ်သည့် ၎င်းတို့အပေါ် ကျရောက်လာမည့် ခြိမ်းခြောက်မှုများကို နားလည်သဘောပေါက်ခြင်း မရှိသောအခါ အခွန်ကောက်သော လက်နက်ကိုင်အဖွဲ့များအပေါ်တွင် မကျေမချမ်းမှုများ ပေါ်ပေါက်လာသည်။ ရပ်ရွာလူ့အဖွဲ့အစည်းတစ်ခုသည် များစွာသော လက်နက်ကိုင်အဖွဲ့များကို အခွန်ပေးနေရသောအခါ အဆိုပါဝန်ထုပ်ဝန်ပိုးသည် အခွန်ကောက်ခံသည့် အဖွဲ့အားလုံးအပေါ်တွင် မကျေနပ်မှုဖြစ်စေသည်။ အခြားတစ်ဖက်တွင်လည်း စွမ်းဆောင်ရည်ရှိသော အနည်းငယ်သောပြည်သူ့စစ်ခေါင်းဆောင်များသည် ပြည်သူ့လူထုအတွက် ပစ္စည်းများ ဖြည့်ဆည်းပေးရာတွင် အခြေခံအဆောက်အဦလုပ်ငန်းများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ရန်ပုံငွေထောက်ပံ့ခြင်းများ ထည့်သွင်း၍ တိုးချဲ့လုပ်ဆောင်လာပါသည်။

## ၄.၃။ ပြည်သူ့စစ်အဖွဲ့များသည် နိုင်ငံရေးတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်နေသနည်း။

ပြည်သူ့စစ်များသည် နိုင်ငံရေးတွင် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲနေသော နိုင်ငံရေးစနစ်သည် ပြည်သူ့စစ်ခေါင်းဆောင်များ အပါအဝင် ပြည်သူအများစုအတွက် တရားဝင်နိုင်ငံရေးတွင် ပါဝင်နိုင်ရန် တံခါးဖွင့်ထားကြောင်း အချက်ပေးနေပါသည်။ တစ်ချိန်တည်းမှာပင် တရားမဝင်သည့် စည်းမျဉ်းစည်းကမ်းများ၏ ပြောင်းလဲနေမှုများနှင့် မရေရာမှုသည် ပြည်သူ့စစ်ခေါင်းဆောင်များအတွက် တရားမဝင် နိုင်ငံရေးသြဇာကို ကျင့်သုံးရန် အခွင့်အလမ်းများ ဖန်တီးပေးသလိုဖြစ်ရသည်။ ထို့အပြင် ပြည်သူ့စစ်များကိုယ်တိုင်သည်ပင် နိုင်ငံရေးကိစ္စရပ် ဖြစ်နေခြင်းဖြစ်သည်။ ဦးသိန်းစိန်အစိုးရသည် စေ့စပ်ညှိနှိုင်းဆွေးနွေးရာတွင် ပြည်သူ့စစ်များနှင့်ဆိုင်သော ကိစ္စရပ်ကို ချန်ထားခဲ့သော်လည်း ၂၀၀၈ အခြေခံဥပဒေတွင် လက်နက်ကိုင်အဖွဲ့များအားလုံးသည် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်သာ ရှိရမည်ဟူသော ပြဋ္ဌာန်းချက်ကိုမူ ဆက်လက်ထည့်သွင်းထားပါသည်။

နိုင်ငံရေးစနစ်တံခါးဖွင့်လာသည်နှင့်အမျှ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုအဆင့်အောက် လွှတ်တော်ရွေးကောက်ပွဲများသည် ပြည်သူများအတွက် မိမိတို့၏ နိုင်ငံရေးအရှိန်အဝါကို လက်တွေ့အသုံးချနိုင်သည့် တရားဝင်နည်းလမ်း ဖြစ်လာသည်။ အချို့သော ပြည်သူ့စစ်ခေါင်းဆောင်များသည် လွှတ်တော်ရွေးကောက်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်၍ ရွေးချယ်တင်မြောက်ခံရသည်များလည်း ရှိလာသည်။

ပြည်သူ့စစ်တစ်ဖွဲ့ချင်းထက်စာလျှင် ပြည်သူ့စစ်စနစ်ကြီးတစ်ခုလုံးသည် နိုင်ငံရေးနှင့်ဆိုင်သော ကိစ္စရပ်ဖြစ်လာပြီး နိုင်ငံရေးတွင် သွယ်ဝိုက်၍ ပါဝင်နေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပြည်သူ့စစ်အသွင်ပြောင်းပေးခြင်းသည် ပြည်သူ့စစ်ကိစ္စရပ်ကို နိုင်ငံရေးအသွင်ပြောင်းပေးလိုက်ခြင်းဖြစ်သည်ဟု တပ်မတော်က တသမတ်တည်း ပြောဆိုနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုနှင့် အပစ်အခတ်ရပ်စဲထားသော အဖွဲ့များသည် တပ်မတော်၏ ဖွဲ့စည်းပုံတွင် ပေါင်းစည်းရန် အစီအစဉ်အား ဆန္ဒမရှိကြောင်း ပြသခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရသစ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပြည်သူ့စစ်အသွင်ပြောင်းရန် တောင်းဆိုမှုကို မစဉ်းစားတော့ဘဲ လမ်းကြောင်းပြောင်းလဲခဲ့သည်။ သို့သော်လည်း ပြည်သူ့စစ်အသွင်သို့ ပြောင်းလဲခြင်းကိစ္စသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် စိုးရိမ်စရာကိစ္စ ဖြစ်နေဆဲဖြစ်သည်။ KNU သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးသော အကြီးဆုံး လက်နက်ကိုင်အဖွဲ့များထဲမှ တစ်ခုဖြစ်သည်။ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့်အတူ KNU ၏ စစ်လက်ရုံးဖြစ် သော KNLA သည် “KNLA ကို နယ်ခြားစောင့်တပ် (သို့မဟုတ်) ရဲတပ်ဖွဲ့အဖြစ် အသွင်ပြောင်းခြင်းကို လက်ခံမည်မဟုတ်၊ ငါတို့သည် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်ဖွဲ့အဖြစ် ဆက်လက်တည်ရှိနေမည်” ဟု ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ကျေညာချက်ထုတ်ခဲ့သည်။

## ၄.၄။ ပြည်သူ့စစ်အဖွဲ့များသည် ပဋိပက္ခများတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်သနည်း။

ပြည်သူ့စစ်များသည် မြန်မာနိုင်ငံ၏ လက်ရှိပဋိပက္ခများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်နေသည်။

သိသာထင်ရှားသော အခန်းကဏ္ဍတစ်ခုမှာ အစိုးရမဟာမိတ် ပြည်သူ့စစ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်သူ့စစ်များသည် တပ်မတော်အားလည်းကောင်း တိုက်ခိုက်နေကြခြင်းပင် ဖြစ်သည်။ ပြည်သူ့စစ်များသည် တပ်မတော် (သို့မဟုတ်) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အကူအညီများပေးခြင်းဖြင့် ပဋိပက္ခတွင် သွယ်ဝိုက်၍ ပါဝင်ပတ်သက်နေပြီး ၎င်းတို့သည် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် တပ်မတော်၏ စစ်ဆင်ရေးများတွင် သတင်းများပေးခြင်း၊ ကင်းလှည့်ခြင်းတွင် လိုက်ပါခြင်းများဖြင့် ကူညီပေးကြသည်။

တပ်မတော်၏ကနဦးကမ်းလှမ်းချက်ဖြစ်သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ် (သို့မဟုတ်) အစိုးရမဟာမိတ် ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းလဲရန်အဆိုပြုမှုသည် ပဋိပက္ခဖြစ်ပွားစေရန် သွယ်ဝိုက်သောနည်းဖြင့် အားပေးသည်။ အဆိုပါကမ်းလှမ်းချက်နောက်တွင် တပ်မတော်နှင့် အင်အားကြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကြားတွင် တင်းမာမှုမြင့်တက်လာရာ ၂၀၀၉ ခုနှစ် တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA တို့ ပဋိပက္ခဖြစ်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် MNDAA သည် အခြားသော လက်နက်ကိုင်အုပ်စုများနှင့်အတူ တပ်မတော်အစိုးရ၏ ကမ်းလှမ်းချက်ကို ပယ်ချခဲ့ပါသည်။ ဩဂုတ်လတွင် ပြည်နယ်တာဝန်ရှိသူများမှ ကိုးကန့်ဒေသတွင် မူးယစ်ဆေးဝါးနှင့် လက်နက်များ ထုတ်လုပ်နေသည်ဆိုသည့် သတင်းအပေါ် စုံစမ်းစစ်ဆေးရေး စတင်ပြုလုပ်ခဲ့သောအခါတွင် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့နှင့် MNDAA တို့အကြား သဘောထားကွဲလွဲမှုများ ဖြစ်ခဲ့သည်။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် MNDAA များကြား သွေးထွက်သံယို ပဋိပက္ခဖြစ်ပွားခဲ့ရာ MNDAA တပ်များကို ထိုဒေသမှ မောင်းထုတ်ခဲ့သည်။ ခြောက်နှစ်ကြာပြီးသောနောက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် MNDAA သည် ကိုးကန့်ဒေသတွင် တပ်မတော်ကို မမျှော်လင့်ဘဲ တိုက်ခိုက်ခဲ့ပါသည်။

## ငါး။ ။ ပြုပြင်ပြောင်းလဲရေးကာလတွင် ပြည်သူ့စစ်များနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရန်များ

ပြည်သူ့စစ်အဖွဲ့များတစ်ဖွဲ့ချင်းပါဝင်သော အစုအပေါင်းသည် အရွယ်အစား အတော်အတန်ကြီးမားပြီး လက်နက်ကိုင်ပဋိပက္ခများတွင် ၎င်းတို့၏ ပါဝင်မှုကြောင့် သြဇာရှိသောကဏ္ဍတွင် ပါဝင်နေသည်။ ပြင်းထန်သော ပဋိပက္ခတွင် ပြည်သူ့စစ်များ ပါဝင်နေသော်လည်း ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိသည့်အပြင် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းရေးအတွက် အလားအလာများကို ဆွေးနွေးကြရာတွင်လည်း ပြည်သူ့စစ်များနှင့်သက်ဆိုင်သည့်ကိစ္စများမှာ လျစ်လျူရှုခြင်း ခံနေရသည်။ ဤအခန်းတွင် မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ပြည်သူ့စစ်နှင့် သက်ဆိုင်သော ကိစ္စများကို ထည့်သွင်းစဉ်စားထားပါသည်။

**အစိုးရမဟာမိတ် ပြည်သူ့စစ်များ၏ နိုင်ငံရေးအကျိုးစီးပွားများကို နိုင်ငံရေးမှ ဖယ်ထုတ်ခြင်း** - အစိုးရမဟာမိတ် ပြည်သူ့စစ်များ၏ နိုင်ငံရေးအကျိုးစီးပွားများမှာ ဖယ်ထုတ်ခြင်းခံလာရသည်။ ယခင်က အစိုးရမဟာမိတ် ပြည်သူ့စစ်ဖွဲ့စည်းရေးအတွက် နိုင်ငံရေးအပြောင်းအလဲပြုလုပ်ရန် အရေးဆိုခဲ့သော လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကို အခြားသောသူများက ရှုမြင်ကြသည်မှာ ၎င်းအဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့၏ နိုင်ငံရေးအုပ်စုအဆင့်အတန်းကို လက်လျှော့ အညံ့ခံလိုက်ရုံသာမက အချို့သောပြည်သူ့စစ်များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ သဘာဝအရင်းအမြစ်များထုတ်ယူခြင်းနှင့် အတင်းအကြပ်အခွန်ကောက်ခြင်းတို့တွင် ပါဝင်ပတ်သက်လာကြရာ ၎င်းတို့ကို အခွင့်အရေးသမားများသာဖြစ်သည်ဟု ရှုမြင်လာကြသည်။ ပြည်သူ့စစ်များအပေါ် ထိုသို့သော ရှုမြင်မှုများက လွှမ်းမိုးလာကာ ၎င်းတို့၏ နိုင်ငံရေးအကျိုးစီးပွားများကို အသိအမှတ်မပြုတော့ရန် လုပ်ဆောင်လာစေသည်။ မည်သို့ဆိုစေကာမူ ၎င်းတို့သည် ပဋိပက္ခတွင်ပါဝင်နေသော လက်နက်ကိုင်အဖွဲ့များဖြစ်သည့်အပြင် ခြိမ်းခြောက်မှုပေးနိုင်သော အင်အားတစ်ခုကိုလည်း ပိုင်ဆိုင်ထားခြင်းကြောင့် မြန်မာနိုင်ငံ၏ ပဋိပက္ခအလွန်ကာလတွင် ၎င်းတို့၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန်နှင့် ဆွေးနွေးရန်အရေးတကြီးဖြစ်လာစေသည်။

**ပြည်သူ့စစ်များနှင့် ပြည်သူ့စစ်နှင့်ဆိုင်သောကိစ္စရပ်များကို ဘေးဖယ်ထားခြင်း** - ပြည်သူ့စစ်များနှင့် ပြည်သူ့စစ်များနှင့်ဆိုင်သော ကိစ္စရပ်များသည် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်မှ ဘေးဖယ်ထားခြင်းခံနေရသည်။ ပြည်သူ့စစ်များ ကိုယ်တိုင်သည်ပင်လျှင် ပဋိပက္ခအလွန်ကာလ၌ ၎င်းတို့၏အခန်းကဏ္ဍနှင့်ဆိုင်သော အဓိကကျသည့် ကိစ္စရပ်များကို ဆွေးနွေးမှုများတွင် မပါဝင်ရုံမျှမက ၎င်းတို့၏ အနာဂတ်ကိစ္စများကိုလည်း ကြီးကြီးမားမားအာရုံစိုက်ခံရမှုလည်း မရှိပေ။ အခြားသော ပဋိပက္ခများတွင်လည်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကြိုးပမ်းမှု၌ ပါဝင်သော အစိုးရအဖွဲ့များ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကြားဝင်စေ့စပ်ဖျန်ဖြေရေးအဖွဲ့များ၏ ယေဘုယျအမြင်မှာ အသစ်ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့များ၊ လက်နက်ကိုင်အဖွဲ့အသေးများကဲ့သို့သော ပြည်သူ့စစ်များနှင့် လက်နက်ကိုင်စွန့်ထားသည့် အဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန် မလိုအပ်ပါ ဟူ၍ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ၎င်းတို့ပါဝင်လာကြခြင်းသည် ထိုအုပ်စုများအား လက်နက်ပြန်လည်ကိုင်ဆောင်လာစေပြီး အကြမ်းဖက်မှုများတွင် ပါဝင်လာစေရန် မက်လုံးများပေးခြင်းဖြစ်သည် ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူတစ်ယောက်က " မြန်မာအစိုးရရဲ့ အကျပ်အတည်းပြဿနာက အသိအမှတ်ပြုထားတဲ့အဖွဲ့တွေရဲ့ စာရင်းမှာမပါဝင်တဲ့ အဖွဲ့တွေကို စားပွဲဝိုင်းမှာ ပါဝင်ခွင့်ပြုထားတာဟာ လက်နက်ကိုင်အဖွဲ့တွေ တစ်ဟုန်ထိုးတိုးပွားလာခြင်းကို အားပေးသလိုဖြစ်နေတယ်။ ထိုနည်းတူစွာပဲ သူတို့ကို ဖယ်ထုတ်ထားခဲ့ရင်လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားဖို့ အကြောင်းရင်းတစ်ခု ဖြစ်လာနိုင်တယ်" ဟူ၍ ရှင်းပြပါသည်။

**ကိုယ်တိုင် ရန်ပုံငွေရှာ၍ ရပ်တည်ကြသည့် ပြည်သူ့စစ်များ** - ပြည်သူ့စစ်များကိုယ်တိုင် ငွေကြေးရှာရပ်တည်မှုတွင် တပ်မတော်မှ ငွေကြေးအနည်းဆုံးသာ ကုန်ကျသောကြောင့် ယင်းပုံစံအား ကူးယူ၍ ပြည်သူ့စစ်များဖွဲ့ခြင်းမှာ ကျယ်ပြန့်သော အခြေခံအကြောင်းဖြစ်သည်။ သို့သော်လည်း အချို့ကိစ္စများ၌ ၎င်းတို့၏ စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုများကို ကြီးကြပ်နိုင်ခြင်းမရှိပေ။ လုံလောက်သော ကြီးကြပ်ကွပ်ကဲမှုမရှိသောကြောင့် အချို့သောပြည်သူ့စစ်များသည် ၎င်းတို့၏ဒေသများတွင် တရားမဝင်သော လုပ်ငန်းများနှင့် မတော်မတရား ငွေရှာသော လုပ်ငန်းများကို လုပ်ဆောင်ကြသည်။

**မတူကွဲပြားခြားနားခြင်း** - ပြည်သူ့စစ်များသည်လည်း သိသာစွာ မတူကွဲပြားမှုရှိကြောင်း ပြသနေပါသည်။ အနည်းငယ်သော ပြည်သူ့စစ်အဖွဲ့များသည်သာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူ လှုပ်ရှားကြသော်လည်း အများစုမှာ တပ်မတော်နှင့်အတူ ရပ်တည်ကြသည်။ တပ်မတော်ပြည်သူ့စစ်များကြားတွင်ပင် ၎င်းတို့၏ အင်အား၊ ၎င်းတို့၏ စီးပွားရေးလုပ်ဆောင်မှုများနှင့် ၎င်းတို့ဖွဲ့စည်းလာရသော ဝန်းကျင်အခြေအနေများတို့တွင် အရေးပါသော ကွဲပြားမှုများ ရှိနေသည်။ ပြည်သူ့စစ်တပ်ရင်းတစ်ခု၏ အင်အားသည် တစ်ဒါဇင်ထက်နည်းသော အရေအတွက်မှသည် ရာဂဏန်းအထိ အမျိုးမျိုးရှိနိုင်သည်။ စီးပွားရေးလုပ်ဆောင်မှုများ၏ အတိုင်းအတာများကလည်း အမျိုးမျိုးရှိနိုင်သည်။ အချို့သည် ပြည်နယ်အာဏာပိုင်များထံမှ စီးပွားရေးအထောက်အပံ့များကို လက်ခံရနိုင်သော်လည်း အခြားသောအဖွဲ့များမှာမူ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်နေနိုင်သည်။ အချို့သော ပြည်သူ့စစ်များသည် ယခင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ဖက်ဒရယ်စနစ်နှင့် အရင်းအမြစ်များကို မျှတစွာထိန်းချုပ်နိုင်ရေးတို့ပါဝင်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ၎င်းတို့၏ ရပ်ရွာလူထုအတွက်လုံခြုံရေးကဲ့သို့သော သီးသန့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အဖြစ်မှ တပ်မတော်ပြည်သူ့စစ်များအဖြစ်သို့ အသွင်ပြောင်းလိုက်ခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် တိုက်ရိုက်ပါဝင်နိုင်သော အခန်းကဏ္ဍမှ ၎င်းတို့အား ဖယ်ထုတ်လိုက်ခြင်းဟု အဓိပ္ပါယ်ဖွင့်ရမည့် သဘောရှိပါသည်။

**လက်နက်ကိုင်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းခြင်း** - မြန်မာနိုင်ငံမှ လက်နက်ကိုင်အဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် အရွယ်အစားတို့ကို ပြောင်းလဲ

မှုနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများသည် အခြားပဋိပက္ခဒဏ်ခံရသော နိုင်ငံများမှ ငြိမ်းချမ်းရေးဖြစ်စဉ်များ၏ အတွေ့အကြုံများကို အခြေခံ ရေးဆွဲထားသော လက်နက်ဖျက်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး (DDR) နှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) မော်ဒယ်များအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အစိုးရမဟာမိတ်ပြည်သူ့စစ်များအဖြစ် အစောပိုင်းကာလပြောင်းလဲမှုများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့ကို တပ်မတော်သို့ ပေါင်းစည်းခြင်း မော်ဒယ်တစ်ခုဖြစ်သည်။ အခြားကမ်းလှမ်းချက်များတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ဒေသဆိုင်ရာရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲခြင်း (သို့) ၎င်းတို့၏ တပ်ရင်းများကို ဖက်ဒရယ်တပ်မတော်တွင် ပါဝင်လာစေရေးတို့ ပါဝင်သည်။ ၂၀၁၄ ခုနှစ်တွင် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးတစ်ခု၌ တစ်ခါတစ်ရံ "ပြည်ထောင်စုတပ်မတော်" ဟုရည်ညွှန်းသော ဖက်ဒရယ် တပ်မတော် အဆိုပြုချက်ကို တင်ပြခဲ့သည်။ သို့သော် တပ်မတော်ခေါင်းဆောင်များသည် ယင်းအဆိုပြုချက်နှင့် လက်နက်ကိုင်အုပ်စုများ၏ ဖွဲ့စည်းထားပုံများကို ပြောင်းလဲပစ်မည်၊ မပစ်မည်ကို အားလုံးသဘောတူညီမှုရယူရန်တို့ကို လက်မခံခဲ့ခြင်းကြောင့် မည်သည့် အတိုင်းအတာ ပြောင်းလဲမည်ကို ဆွေးနွေးမှု မပေါ်ပေါက်လာတော့ပေ။ လက်မခံရခြင်းအကြောင်း တစ်စိတ်တစ်ပိုင်းအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ တပ်ဖွဲ့စည်းပုံကို မပြောင်းလဲမီ တပ်မတော်ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ လိုအပ်ကြောင်း ကိုင်စွဲထား၍ဖြစ်သည်။ DDR နှင့် SSR သွင်ပြင်လက္ခဏာများပါဝင်သည့် မည်သည့်ခြေလှမ်းမျိုးမဆိုသည် ပြည်သူ့စစ်များကြား ပုံစံအမျိုးမျိုး ကွဲပြားခြားနားနေမှုကို ထည့်သွင်းစဉ်းစားမှလည်းကောင်း၊ ၎င်းတို့ လှုပ်ရှားနေသည့် အခြေအနေ၊ အထူးသဖြင့် လုံခြုံရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတို့ ပါဝင်နေသည့် အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားမှလည်းကောင်း၊ အကျိုးအမြတ်ရရှိနိုင်လိမ့်မည်ဖြစ်သည်။

**ခြိမ်းခြောက်မှုများ၏ အတိုင်းအတာနှင့် အရင်းအမြစ်** - ပြည်သူ့စစ်များ ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများ၏ အတိုင်းအတာနှင့် အရင်းအမြစ်တို့သည် နေရာတစ်နေရာနှင့် တစ်နေရာကွာခြားသည့်အပြင် ပြည်သူ့စစ် တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း ကွဲပြားကြသည်။ ကချင်ပြည်နယ်၊ တာလောကြီးတွင် ပြည်သူ့စစ်ဖွဲ့စည်းခြင်းအတွက် မကြာသေးမီက ပြုလုပ်ခဲ့သည့် ထောက်ခံမှုက ညွှန်ပြနေသည်မှာ လုံခြုံရေးနှင့်ဆိုင်သော ခြိမ်းခြောက်မှုများသည် အချို့သောရပ်ရွာအသိုင်းအဝိုင်းများအတွက် စိုးရိမ်ပူပန်စရာ ဖြစ်နေဆဲဖြစ်သည်ဟု ဆိုနိုင်သည်။ ဆန့်ကျင်ဖက်အားဖြင့် မွန်ပြည်နယ်ရှိ ပြည်သူ့စစ်အဖွဲ့ဝင်များက ၎င်းတို့ကိုင်ဆောင်ကြသည့် လက်နက်များကို တပ်မတော်သို့ လွှဲပြောင်းပေးအပ်ရန်နှင့် ၎င်းတို့၏ တာဝန်များကို အဆုံးသတ်ရန် အကြိမ်ကြိမ်ကြိုးပမ်းမှုများက အချို့ပြည်သူ့စစ်အဖွဲ့ဝင်များသည် ၎င်းတို့အသက်ဝင်နေရန် မလိုတော့ဟု ခံစားနေကြရသည်ဟု ပြသနေသည်။ ထိုဖြစ်ရပ်များက ပြည်သူ့စစ်များ လှုပ်ရှားနေရသည့် မတူညီသောအခြေအနေများကို သရုပ်ဖော်ပြနေပြီး အဆိုပါမတူညီမှုများသည် ပဋိပက္ခအလွန် အဖြေရှာမှုများတွင် ၎င်းတို့၏အခန်းကဏ္ဍကို နားလည်ရန် ကြိုးစားရာ၌ အရေးကြီးလှပါသည်။

## ခြောက်။ ။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

### ဆွေးနွေးရမည့် အမေးပုစ္ဆာများ

- လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူ့စစ်များကို ပါဝင်စေခြင်း (သို့) ချန်ထားခဲ့ရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည့် အဓိက ဖြစ်လာနိုင်သည့် အန္တရာယ်များက ဘာလဲ။
- ပြည်သူ့စစ်များကို မည်ကဲ့သို့ ပိုကောင်းအောင် အုပ်ချုပ်နိုင်မည်နည်း။ ၎င်းတို့ကို မည်သူတို့ဖြင့် အုပ်ချုပ်သင့်သနည်း။
- ပြည်သူ့စစ်များကို နိုင်ငံရေးအရ ဖယ်ထုတ်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တရားဝင်မှုအပေါ် မည်သည့်အတိုင်းအတာထိ ဆက်လက်ထိခိုက်နေစေမည်နည်း။
- လက်နက်ရုပ်သိမ်းရေး၊ စစ်မှုထမ်းအဖြစ်မှရပ်နားခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) နှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) လုပ်ငန်းစဉ်တွင် ပြည်သူ့စစ်များ မည်သည့်အခန်းကဏ္ဍမှ ပါဝင်သင့်သနည်း။
- ရပ်ရွာအသိုင်းအဝိုင်းများ ကိုယ်တိုင်အနေဖြင့် ၎င်းတို့၏နယ်မြေများတွင် ပြည်သူ့စစ်များ၏ အနာဂတ် အခန်းကဏ္ဍနှင့် ပတ်သက်ပြီး မည်မျှအတိုင်းအတာထိ ဆုံးဖြတ်ခွင့်ရှိသူအဖြစ် ရှိနေနိုင်မည်နည်း။
- မြန်မာနိုင်ငံ၏ လက်ရှိပြည်သူ့စစ်စနစ်ကို ယေဘုယျအမျိုးအစားခွဲခြင်းမှ မည်သို့သော အန္တရာယ်များ တွဲ၍ ဖြစ်လာနိုင်သနည်း။

### ဆက်လက်လေ့လာဖတ်ရှုရန်


- Alden, Chris, Monika Thakur and Matthew Arnold. 2011. Militias and the Challenge of Post-Conflict Peace: Silencing the Guns. London: Zed Books.
- Callahan, Mary P. 2003. Making Enemies: War and State Building in Burma. Ithaca, N.Y.: Cornell University Press.
- Kramer, Tom. 2009. Neither War nor Peace: The Future of the Cease-Fire Agreements in Burma. Amsterdam: Transnational Institute.
- Lintner, Bertil. 1999. Burma in Revolt. Chiang Mai: Silkworm Press.
- Kyed, Helene Maria and Mikael Gravers. 2014. Non-state Armed Groups in the Myanmar Peace Process: What are the Future Options? DIIS Working Paper No. 2014:07.
- Maung Aung Myoe. 2009. Building the Tatmadaw: Myanmar Armed Forces since 1948. Singapore: Institute of Southeast Asian Studies.
- Min Zaw Oo. 2014. Understanding Myanmar's Peace Process: Ceasefire Agreements. Yangon: Swisspeace.
- Smith, Martin. 1999. Burma: Insurgency and the Politics of Ethnicity. Dhaka: University Press.
- South, Ashley. 2008. Ethnic Politics in Burma: States of Conflict. London: Routledge.
- Yan Nyein Aye. 2000. Endeavors of the Myanmar Armed Forces Government for National Reconciliation. Yangon: U Aung Zaw.
- Zaw Oo and Win Min, eds. 2007. Assessing Burma's Ceasefire Accords. Vol. 39. Institute of Southeast Asian Studies.

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar